ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့ (15-8-2011) (၆၈၅၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေဝတီတံတား(ရတနာသိဃ်)လုပ်ငန်းခွင် ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

ပစ္စည်းအလေအလွင့်မရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရေး အလေးထားရန်မှာကြား

နေပြည်တော် ဩဂုတ် ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်း-ရွှေဘိုကားလမ်း ကတ္တရာခင်းခြင်းနှင့် လမ်းချဲ့ခြင်း၊ Box Culvert များ တည်ဆောက်ခြင်းတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကာ ရေဝတီတံတား (ရတနာသိဃ်) လုပ်ငန်းခွင်၌ ချဉ်းကပ်လမ်းနှစ်ဖက်စလုံး ပွင့်လင်းရာသီတွင် ကတ္တရာလမ်းခင်းနိုင်အောင် ကြိုတင်ဆောင်ရွက်ထားရန်နှင့် ပစ္စည်းအလေအလွင့် မရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို အထူးအလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်များ သတ်မှတ်ထားသည့်ရေလမ်းကြောင်းမှ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရေဝတီတံတား (ရတနာသိဃ်)တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေဝတီမြစ်ရေ ဇလွန်မြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၄

ရေဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဇလွန်မြို့တွင် ၁၁၁၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၆၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကျေးလက်နေဆင်းရဲသူများအား အလုပ်အကိုင်ရှာဖွေဖန်တီးပေးမှု အရေးကြီး

ရင်းနှီးစုဆောင်းငွေများထုတ်ပေးခြင်းမှာ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နိုင်ရန်ဖြစ်

ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကြည် ကော့မှူးမြို့နယ် ရေဘေးသင့် အိမ်ထောင်စု ၆၂ စု အတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်ဖိုးထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၄

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီး ကွမ်းခြံရပ်ကွက် ရေဘေးသင့် အိမ်ထောင်စု ၅၁ စုအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့်ဆန်ဖိုးထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်သည်။

ဆက်လက်၍ ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်တို့နှင့်အတူ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသနေဆင်းရဲသူများအား အလုပ်အကိုင် ရှာဖွေဖန်တီးပေးမှုသည် အရေးကြီးသော အချက်ဖြစ်ကြောင်း၊ ဆင်းရဲသူများကို ရင်းနှီးစုဆောင်းငွေများ ထုတ်ပေးခြင်းမှာ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နိုင်ရေးအတွက် ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီဝင်များသည် မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍများအလိုက် မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း စသည်တို့ကို **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❖

စစ်တောင်း၊ ဝေါနှင့် သံလွင်မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၁၄

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၈၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၁၃ စင်တီမီတာ (၃ ဒသမ ၇ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဝေါမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၄၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၂ စင်တီမီတာ(သုည ဒသမ ၄ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၃၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈၉ စင်တီမီတာ(သုံးပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

The Mirror
၁၅-၈-၂၀၁၁
(တနင်္လာနေ့)

မူးယစ်ဆေးဝါးပပျောက်ရေးသည် အမျိုးသားရေးတာဝန်

ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ ဆေးခြောက်စသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်ထားသော စိတ်ကြွရူးသွပ်ဆေးပြားများ ကမ္ဘာတစ်ဝန်း၌ သုံးစွဲမှု ကျယ်ပြန့်လာလျက်ရှိသည်။ အထူးသဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအမျိုးမျိုး ပျံ့နှံ့သုံးစွဲလျက်ရှိရာ နိုင်ငံအလိုက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အလေးထား လုပ်ဆောင်နေကြပေပြီ။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းရေးဆွဲကာ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ အကောင်အထည်ဖော်နေသည်။ အဆိုပါ စီမံကိန်းတွင် မြန်မာကျပ်ငွေ ဘီလီယံသုံးသောင်းကျော်နှင့် အမေရိကန်ဒေါ်လာ သန်း ၁၅၀ အသုံးပြုရန် လျာထားခဲ့ကြောင်း သိရသည်။

ထို့အတူ ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတစ်ခွင် မူးယစ်ဆေးဝါးကင်းစင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် အဆိုပါရည်မှန်းချက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ စွမ်းအားပြည့်ကြိုးပမ်းနေခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ခရီးရောက်အောင်မြင်မှုရရှိနေသည်ကို တွေ့ရသည်။

နိုင်ငံတော်အနေဖြင့် ဘိန်းစိုက်ပျိုးလေ့ရှိသော ဒေသများရှိ ဘိန်းခင်းများကို ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဖျက်ဆီးနိုင်လျက်ရှိသည်။ ၁၉၉၇-၂၀၁၁ ခုနှစ်အတွင်း ဘိန်းခင်းစုစုပေါင်း ဟက်တာ ကိုးသောင်းကျော်ကို ဖျက်ဆီးနိုင်ခဲ့သည်။ အလားတူ ၁၉၈၈-၂၀၁၁ ခုနှစ်အတွင်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် (၂၁)ကြိမ်၊ နယ်စပ်ဒေသများတွင် (၅၅) ကြိမ် မီးရှို့ဖျက်ဆီးခဲ့ရာ တန်ဖိုးအားဖြင့် မြန်မာကျပ်ငွေ ဘီလီယံ ၂၀၀၀ ကျော်ရှိကြောင်း သိရသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုများသည် ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများနှင့် ဆက်စပ်လျက်ရှိရာ မူးယစ်ဆေးဝါး ရောင်းဝယ်မှုများကို အရှိန်အဟုန်ဖြင့် တားဆီးနှိမ်နင်းလျက်ရှိသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လတာကာလအတွင်း ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အက်ဖီးဒရင်းများ ဖမ်းဆီးရမိမှုများ အပါအဝင် မူးယစ်ဆေးဝါးအမှု တစ်ထောင့်ခြောက်ရာကျော်အတွက် ပြစ်မှုကျူးလွန်သူ နှစ်ထောင်ကျော်တို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ခဲ့သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး၏ ၂၀၁၁ ခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံအနေဖြင့် ၁၉၉၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၇၆ ရာခိုင်နှုန်းကျော်၊ ဘိန်းထုတ်လုပ်မှု ၆၇ ရာခိုင်နှုန်းအထိ လျော့ကျလာခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ မူးယစ်ဆေးဝါးသည် ကိုယ်တိုင်သုံးစွဲသူများကိုသာမက ဆက်စပ်နေသော မိသားစုနှင့် လူမှုပတ်ဝန်းကျင်ကိုပါ ထိခိုက်ရိုက်ခတ်လျက်ရှိရာ ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်အဖြစ် အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အာဆီယံနိုင်ငံအသီးသီး၏ အမျိုးသားစာရင်းပညာဆိုင်ရာ ပင်မအဖွဲ့များ ဖွဲ့စည်းထား မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးကျင်းပသည့် အာဆီယံ စာရင်းကိုင်များအဖွဲ့၏ (၁၀၅)ကြိမ်မြောက် ကောင်စီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။(အပေါ်ပုံ)

အစည်းအဝေးသို့ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်(တာဝန်)နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာရင်းကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် အဖွဲ့ဝင်နိုင်ငံအားလုံးမှ ကိုယ်စားလှယ်စုစုပေါင်း ၂၈ ဦးတို့ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးခဲ့

အစည်းအဝေးတွင် ၂၀၁၁ ခုနှစ် ဇူလိုင် ၃၁ ရက် ကုန်ဆုံးသောကာလအတွက် အာဆီယံစာရင်းကိုင်များအဖွဲ့၏ ကြားဖြတ်စာရင်းနှင့် အာဆီယံနိုင်ငံများအကြား စာရင်းပညာရပ်ဆိုင်ရာ အခြေခံများအကြောင်းကို တင်ပြခြင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် အာဆီယံစာရင်းကိုင်များအဖွဲ့ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရန်ကိစ္စရပ်၏ တိုးတက်မှုအခြေအနေနှင့် အာဆီယံစာရင်းကိုင်များအဖွဲ့၏ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကာလအတွက် မဟာဗျူဟာနှင့်ပတ်သက်သည့် အဆိုပြုချက်များ၊ အာဆီယံစာရင်းကိုင်များအဖွဲ့၏ ဦးဆောင်အကြံပေးကောင်စီ တည်ထောင်ရန် အဆိုပြုချက်များ၊ အာဆီယံစာရင်းကိုင်များအဖွဲ့၏ ဖွဲ့စည်းပုံဆိုင်ရာ အဆိုပြုချက်များ၊ အာဆီယံစာရင်းကိုင်များအဖွဲ့၏ စီးပွားရေးဌာနနှင့် အစည်းအဝေးဆိုင်ရာကိစ္စရပ်များ၊ ASEAN Free Trade Area ၂၀၁၅ ကြိုဆိုမှုနှင့်စပ်လျဉ်းသည့် အာဆီယံစာရင်းကိုင်များအဖွဲ့၏ အခန်းကဏ္ဍ၊ အာဆီယံစာရင်းကိုင်များအဖွဲ့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ရေးစီမံချက်များ၊ အာဆီယံစာရင်းကိုင်အဖွဲ့မှ ထုတ်ဝေသည့် အစီရင်ခံစာများကိစ္စနှင့် (၁၀၆)ကြိမ်မြောက် အာဆီယံစာရင်းကိုင်များအဖွဲ့၏ ကောင်စီအစည်းအဝေးနှင့် (၁၇)ကြိမ်မြောက် ညီလာခံကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

အာဆီယံစာရင်းကိုင်များအဖွဲ့သည် အာဆီယံနိုင်ငံအသီးသီး၏ အမျိုးသားစာရင်းပညာဆိုင်ရာ အဖွဲ့အစည်းများကို ပင်မအဖွဲ့များအဖြစ် ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံစာရင်းကောင်စီသည် ၁၉၉၉ ခုနှစ်ကပင် ပင်မအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ အာဆီယံစာရင်းကိုင်များအဖွဲ့တွင် ပင်မအဖွဲ့ဝင်များအပြင် အမျိုးသားစာရင်းပညာဆိုင်ရာ အဖွဲ့အစည်းအဆင့်မဟုတ်သည့် အာဆီယံဒေသအတွင်းနှင့် ပြင်ပမှစာရင်းပညာဆိုင်ရာအဖွဲ့အစည်းများကိုလည်း တွဲဖက်အဖွဲ့ဝင်များအဖြစ် လက်ခံဖွဲ့စည်းထားရာ ဩစတြေးလျ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ ဩစတြေးလျ ချာတာစာရင်းကိုင်များအသင်း၊ ချာတာလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (လန်ဒန်)တို့သည် တွဲဖက်အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည်။ အာဆီယံစာရင်းကိုင် များအဖွဲ့၏ ကောင်စီအစည်းအဝေးများကို သုံးလတစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများအတွင်း အလှည့်ကျကျင်းပရာ ယခုအကြိမ်မှာ မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်သည်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

(၁၅)ကြိမ်မြောက် ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း၊ စိတ်ဝင်စားသူများသည် သက်ဆိုင်ရာ ဘာသာရပ်များဆိုင်ရာ အဖွဲ့များမှတစ်ဆင့် မှတ်ပုံတင်နိုင်သည်။

(သတင်းစဉ်)

ဗဟိုစံပြငါးဈေးကြီး အကြီးစားပြန်လည်ပြုပြင်မှုများ ပြီးစီး ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်ရောင်းချသွားမည်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးကြီးကို ငါးဒိုင်ကိုယ်စားလှယ်များ အလုပ်အမှုဆောင် အဖွဲ့နှင့် ဈေးသူ၊ ဈေးသားများက ငွေကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံ၍ ဈေးကြီး၏ အပေါ်ပိုင်းအား ဇင့်အလူမီနီယမ်သွပ်ပြားအသစ်များ မိုးခြင်း၊ ရေတံလျှောက်နှင့် ခေါင်အုပ်များ တပ်ဆင်ခြင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၇၇ သိန်းကျော် အကုန်အကျခံ၍ ဈေးအောက်ပိုင်း အုတ်နံရံများအား အင်္ဂတေကိုင်ခြင်းနှင့် ဆေးသုတ်ခြင်း၊ အောက်ခြေပြတ်နေသည့် တိုင်များအား တိုင်ဆက်ခြင်းနှင့် ဆွေးမြည့်နေသည့် တိုင်များအား အစားထိုးတပ်ဆင်ခြင်းစသည့် အကြီးစားပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်ကြောင်း သိရှိရသည်။

လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ သီရိမင်္ဂလာဈေးသစ်အနီး၌ ငါးဈေးသစ်ကြီးကို ဆောက်လုပ်ပြီးစီးခဲ့သော်လည်း ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးကို ယခင်အတိုင်း ပုံမှန်ဆက်လက်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ရာ ဈေးရောင်း၊ ဈေးဝယ်များ စိတ်ချမ်းမြေ့စွာ ရောင်းဝယ်နိုင်ရေးအတွက် ကျန်ရှိနေသည့် ကွန်ကရစ်လမ်းခင်းခြင်း၊ ရေလုံလောက်စွာရရှိရန် ဆောင်ရွက်ခြင်းနှင့် အခြားသန့်ရှင်းသာယာရေးလုပ်ငန်းများကို ငါးဒိုင်ကိုယ်စားလှယ်များ အလုပ်အမှုဆောင်အဖွဲ့က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ **(ညွန့်သန်း)**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၄-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၉၁၀၀	၀. ၀၃၃၄၃
တရုတ် (ယွမ်)	၆. ၃၉၀၂၀	၀. ၁၅၆၄၉
အိန္ဒိယ (ရူပီး)	၄၅. ၃၉၀၀	၀. ၀၂၂၀၃
မလေးရှား (ရင်းဂစ်)	၃. ၀၀၁၅၀	၀. ၃၃၃၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၂၃၀	၀. ၈၂၄၈၈
ဂျပန် (ယန်း)	၇၆. ၆၇၀၀	၀. ၀၁၃၀၄
တောင်ကိုရီးယား(ဝမ်)	၁၀၇၉. ၀၀	၀. ၀၀၀၉၃
ယူရို	၀. ၇၀၂၀၅	၁. ၄၂၄၄၀
ဗြိတိသျှ (ပေါင်)	၀. ၆၁၄၄၀	၁. ၆၂၇၆၀

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၅၀ ၇။ သန့်စွာကိုင်လေစက္ကူငွေ
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၂၇)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၃၉)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြား သတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk Of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၄၄)**
၂၄။ Mini Series

(15-8)02.pmd 1 8/14/2011, 11:56 PM

သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ပြန့်ပွားနိုင်ရေး လက်ဆင့်ကမ်းပညာပေးစည်းရုံး ရေစီမံခန့်ခွဲမှုနည်းပညာ ထိရောက်စွာအကျိုးပြုနိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဩဂုတ် ၁၃ ရက် နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းရွာအနီးရှိ သိပ္ပံနည်းကျ တောင်သူပညာပေး အထူးအထွက်တိုး စံပြစပါးစိုက်ခင်း ဧက ၅၀ စိုက်ကွင်းသို့ ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်စိုးနှင့်အဖွဲ့က ကျောက်တံခါးမြို့နယ်အတွင်း သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ပြန့်ပွားနိုင်ရေးဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ဧက သိန်း ၃၀ ကျော်ရှိသည့်အနက် ယခုမိုးရာသီတွင် ဧက ၃၀၀၀ ကျော်အား ပေါင်စနစ်ဖြင့် သိပ္ပံနည်းကျစိုက်ပျိုးဆောင်ရွက် အကောင်အထည်ဖော်နိုင်ခဲ့မှုနှင့် ပျမ်းမျှတစ်ဧက တင်း ၁၀၀ ထွက်ရှိရန် သေချာနေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက တောင်သူများ လက်တွေ့အကျိုးရှိမည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် ပြသစည်းရုံးနေသည့်အပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် လက်ရှိ ဧက ၃၀၀၀ မှ ဧက သိန်း ၃၀ လုံးအဆင့်သို့ နည်းစနစ်ပြန့်ပွားနိုင်ရေး တောင်သူအချင်းချင်း လက်ဆင့်ကမ်းပညာပေးစည်းရုံးရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ခဲ့ရသည့် လယ်များကို အချိန်မီအစားထိုး စိုက်ပျိုးနိုင်ရေးအတွက် ပထမနည်းလမ်းအနေဖြင့် လက်ရှိ ရေလွှမ်းမိုးခြင်းမရှိသေးသော စိုက်ခင်းများမှ သက်တမ်းမရင့်သေးသည့် ရက် ၃၀ မှ ၄၀ ရက်သား သက်တမ်းရှိ ကောက်ပင်များ၏ သားတက်များကို စနစ်တကျခွဲ၍ ချက်ချင်းခွဲ ချက်ချင်းစိုက်ခြင်းအားဖြင့် တစ်ဧကစိုက်ခင်းမှ ၁၀ ဧက စိုက်ခင်းအထိ တိုးချဲ့ပွားယူ စိုက်ပျိုးနိုင်မှုကို ၃၀ ရက် သားခန့်အရွယ်ရှိ စပါးပင်တစ်မြုံမှ သားတက်များခွဲ၍ ဆောင်ရွက်နိုင်ခြင်းဖြင့် လက်တွေ့ပြသရှင်းလင်းသည်။

ဒုတိယနည်းလမ်းအနေဖြင့် ရေကြီးနစ်မြုပ်ခြင်းမရှိသေးသည့် ကြခင်းများမှ ကျပ်သိပ် ပေါက်နေသော စပါးပျိုးပင်များကို ခြောက်လက်မခြားချန်ပြီး ကျန်အပင်ငယ်များကို စနစ်တကျသားခွဲ၍ စိုက်ပျိုးခြင်းအားဖြင့် အချိန်မီ ပျိုးပင်လိုအပ်ချက်ကို ယင်းနည်းလမ်းဖြင့်လည်း အစားထိုးစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

တတိယနည်းလမ်းအနေဖြင့် ရက် ၉၀ ခန့် သက်တမ်းတိုမျိုးများကို ရွေးချယ်ပြီး သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်၍ ၁၄ ရက်သား ပျိုးပင်များဖြင့် စနစ်တကျ အချိန်မီ စိုက်ပျိုးခြင်း နည်းလမ်းတို့ကို ကျင့်သုံးသွားရန် ဆွေးနွေးသည်။

အထက်ပါနည်းလမ်းများကို ကျင့်သုံးရာ၌ အခြေခံလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာ သွင်းအားစုအား တိုင်းဒေသကြီးအနေဖြင့် အကြွေးစနစ်ဖြင့် ဝယ်ယူရရှိနိုင်ရေးကို အဆင့်ဆင့် တင်ပြဆောင်ရွက်သင့်ကြောင်း ဆွေးနွေးပြီး နိုင်ငံတော်အနေဖြင့် စပါးတစ်ဧက ယခင်ငွေကျပ် ၂၀၀၀၀ နှုန်း ထောက်ပံ့ချေးပေးခဲ့ရာမှ နှစ်ဆတိုး၍ တစ်ဧက ငွေကျပ် ၄၀၀၀၀ နှုန်း ထုတ်ချေးပေးသွားရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း မှာကြားကာ ဖြစ်ထွန်းအောင်မြင်နေသော စပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပဲခူးမြို့နယ် မယင်းကျေးရွာအနီးရှိ သိပ္ပံနည်းကျ အထူးအထွက်တိုး တောင်သူပညာပေး စံပြစပါးစိုက်ခင်း ဧက ၅၀ သို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီး ဦးတင်စိုးက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်များနစ်မြုပ်ခဲ့မှုနှင့် နှစ်စဉ်ရေကြီးမှု ကာကွယ်နိုင်မည့် လက်ရှိတည်ဆောက်နေသော ကိုဒူကွဲဆည် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းအပြင် ရေကြီးမှုများ ကာကွယ်ပေးနိုင်မည့် စလူရေလှောင်တမံနှင့် ရွှေလောင်းရေလှောင်တမံတို့ တည်ဆောက်ပေးနိုင်ရေးအတွက် တင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ကိုဒူကွဲရေလှောင်တမံ၊ စလူရေလှောင်တမံနှင့် ရွှေလောင်းရေလှောင်တမံများ တည်ဆောက်ပေးခြင်းဖြင့် ရေကြီးမှုအန္တရာယ်ကို ထိရောက်စွာ ကာကွယ်နိုင်မည့်အပြင် သဲနုန်းပို့ချခြင်းကြောင့် ရေနုတ်အားနည်းခဲ့ရသည့်မြောင်းများ ပြန်လည်မွမ်းမံခြင်းလုပ်ငန်း၊ ရေထိန်းတံခါးများ ပြုပြင်ဆောင်ရွက်ခြင်းဖြင့် ပဲခူးမြစ်ရေတောင့်မှုမှ ကာကွယ်နိုင်မှု အစီအမံများ ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများအတွက် ဦးစားပေးဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းများကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ထားရန်နှင့် ရန်ပုံငွေလိုအပ်ချက်ကို နိုင်ငံတော်သို့ အထူးကိစ္စရပ်အနေဖြင့် တင်ပြဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားပြီး ဖြစ်ထွန်းအောင်မြင်နေသော စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းတို့သည် ညနေ ၃ နာရီတွင် ပဲခူးမြစ်ကူးတံတားသစ်၌ ပဲခူးမြစ်ရေလျော့ကျလာမှုကို ကြည့်ရှုကြပြီး ရေကြီးနစ်မြုပ်နေသော စပါးခင်းများအတွက် မျိုးစေ့လိုအပ်ချက် တင်း ၅၀၀ ကို ပြည်ထောင်စုဝန်ကြီးက ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပဲခူးမြို့ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ သင်တန်းကျောင်းသို့ရောက်ရှိရာ သင်တန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်က သင်တန်းများဖွင့်လှစ်မှုကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က သင်ထောက်ကူပစ္စည်းလိုအပ်ချက်များကို ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆည်မြောင်းတာတမံ တည်ဆောက်ရေးနည်းပညာရပ်များ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေး ရှာဖွေလေ့လာစူးစမ်းမှု ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် ထူးကဲမိုးရွာသွန်းမှုအပါအဝင် သဘာဝဘေးကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကိုတွက်ဆပြီး တာတမံများ ရေရှည်တည်တံ့ခိုင်မြဲရေးပညာရှင်များ ဆောင်ရွက်ကြရန်၊ စက်မှုလယ်ယာကူးပြောင်းရေး အခြေခံလိုအပ်ချက်ဖြစ်သည့် မြေယာဖွံ့ဖြိုးမှု ပြုပြင်ဆောင်ရွက်ရေး (Land Development) နှင့် ရေသွင်းရေထုတ်စနစ်ကောင်းမွန်ရေးအပါအဝင် ဒေသနှင့်ကိုက်ညီမည့် သီးနှံအမယ်များအပေါ် စနစ်တကျ ရေစီမံခန့်ခွဲမှုနည်းပညာ (Water Management) ဖြင့် တောင်သူလယ်သမားများအား ထိရောက်စွာအကျိုးပြုနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

ဆွေးနွေးမှာကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပဲခူးမြို့နယ် မယင်းကျေးရွာအနီးရှိ သိပ္ပံနည်းကျ အထူးအထွက်တိုး တောင်သူပညာပေး စံပြစပါးစိုက်ခင်း၌ ဒေသခံပြည်သူများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရမည်းသင်းခရိုင်အတွင်းရှိ ကျေးရွာများ၌ ကျေးလက်ပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီခွဲတွင် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် အမေထိန်းခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံရာ**(အပေါ်ပုံ)** ပျော်ဘွယ်မြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူး ဦးဝင်းခိုင်က မြို့နယ်၏ ဒေသအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်း (၈) ရပ် အစီအစဉ်များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ယဲကြီးကျေးရွာ၊ ညဏ်တောကျေးရွာနှင့် ကျောက်တိုင်ကျေးရွာများသို့ သွားရောက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ် ချေးငွေ ချေးငှားပေးခဲ့သည့် အခြေအနေများ၊ အသေးစားငွေစုငွေချေး အသင်းများ ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့် ကျေးလက်မီးလင်းရေးဆိုင်ရာများ ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းမှာကြား၍ ကျေးရွာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပျော်ဘွယ်မြို့နယ် ဝက်လက်ကျေးရွာ ကွင်းအမှတ်(၁၁၁) ဦးပိုင်အမှတ် (၁၄၃/၂)ရှိ တောင်သူများ၏ မိုးစပါး သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ် မကျီးအုပ်ကျေးရွာနှင့် ဂုဏ်ရွာတို့မှ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေအနေများကို ရှင်းလင်းဆွေးနွေးကာ ကျေးရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ခရမ်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးပွဲ၊ လက်တွေ့သရုပ်ပြပွဲများ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့၏ ဒုတိယတပ်ရင်းမှူး ဒေါ်ခင်မိုးလွင်ဦးဆောင်၍ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် သဘာဝဘေးအန္တရာယ် ကျရောက်လွယ်သည့် မုတ္တမပင်လယ်နှင့် ထိစပ်လျက်ရှိသော ခရမ်းမြို့နယ် ဘိုကလေး၊ ကင်မွန်းခြံ၊ ရေကျော်၊ ဆင်မင်းအိုင်၊ ဇီးဖြူပင်၊ အုန်းပင်ကျေးရွာများသို့ ဩဂုတ် ၆ ရက်မှစ၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ဘေးအန္တရာယ်လျော့ပါးရေး အသိပညာပေး ဟောပြောပွဲများပြုလုပ်ပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များက အရေးပေါ် ရှေးဦးပြုစုနည်းများကို လက်တွေ့သရုပ်ပြ သင်ကြားပေးခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ရှေးဦးပြုစုခြင်း လက်တွေ့သရုပ်ပြသမှုများကို အပတ်စဉ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

တောင်တွင်းကြီး၌ နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးထုတ်ပေး

တောင်တွင်းကြီး ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်အုပ်စု ဝံအော်ကြီးကျေးရွာ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆောင်၍ ဩဂုတ် ၅ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးထုတ်ပေး၍ အိမ်ထောင်စုစာရင်းများကို အခမဲ့ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျေးလက်ပြည်သူ ၆၇ ဦးတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းလတ်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများအား တစ်ဦးချင်းပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** (၅၈၀)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဂျာမနီတွင် ဘာလင်တံတိုင်းတည်ဆောက်မှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ဘာလင် ဩဂုတ် ၁၄

လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ခန့်က ဘာလင်တံတိုင်း တည်ဆောက်ခဲ့ခြင်းသည် ယနေ့ နိုင်ငံသားအားလုံးကို လွတ်လပ်ခြင်းနှင့် ဒီမိုကရေစီအတွက် ရပ်တည်ရန် အမြဲတစေ သတိပေးနေမည်ဖြစ်ကြောင်း ဘာလင်တံတိုင်းတည်ဆောက်မှု နှစ်(၅၀)ပြည့် အခမ်းအနား၌ မြို့တော်ဝန်က စနေနေ့တွင် ပြောကြားခဲ့သည်။

တံတိုင်းကြီးက ဘာလင်မြို့တော်ကို ပိုင်းခြားခဲ့ခြင်းသည် နိုင်ငံကို ခွဲစိတ်လိုက်သကဲ့သို့ မြို့တော်၏လမ်းများ၊ အိမ်နီးချင်းများ၊ မိသားစုများကိုလည်း ခွဲခြားလိုက်ခြင်းဖြစ်သည်ဟု မြို့တော်ဝန် ကလော့ဝိုဝီရိတ်က ပြောကြားခဲ့သည်။

၎င်းတို့အနေဖြင့် ဤအဖြစ်အပျက်များကို ရင်ထဲ၌ ထာဝရ ကိန်းအောင်းနေရန်နှင့် မျိုးဆက်သစ်များကို လက်ဆင့်ကမ်းရန် ကိုယ်စီတာဝန်ရှိကြောင်း၊ သို့မှသာ မျိုးဆက်သစ်များက လွတ်လပ်ခြင်းနှင့် ဒီမိုကရေစီဘက်မှ ရပ်တည်ပြီး တရားမမျှတမှုများ နောက်တစ်ဖန် မပေါ်ပေါက်စေရန် ကာကွယ်နိုင်ကြမည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောကြားခဲ့သည်။

ပြတိုက်အသွင်ပြောင်းထားသည့် ဘာလင်တံတိုင်း၏ အစိတ်အပိုင်းများနှင့် ကင်းမျှော်စင်တို့တည်ရှိရာ ဘာလင်မြို့၌ ကျင်းပသည့် ယင်းအခမ်းအနားသို့ ဝန်ကြီးချုပ် အန်ဂျလာမာကဲလ်လည်း တက်ရောက်ခဲ့သည်။ ၎င်းသည် အရှေ့ဂျာမနီဘက်ခြမ်း တံတိုင်း၏နောက်ကွယ်တွင် ကြီးပြင်းခဲ့သူဖြစ်သည်ဟု ဆိုသည်။

ပြတိုက်တည်ရှိရာလမ်းသည် ၁၉၆၁ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် နှစ်ပိုင်းခွဲခြင်းခံခဲ့ရသည်။ နယ်နိမိတ်အသစ် လုံခြုံရေးအရ ကွန်မြူနစ်အာဏာပိုင်များသည် ၎င်းတို့၏အရှေ့ဘက်ခြမ်းမှ လူဦးရေ ၂၀၀၀ခန့်ကို ယင်းတို့၏အိမ်များမှ နှင်ထုတ်ခဲ့သည်ဟု ဆိုသည်။

ဂျာမနီနိုင်ငံသည် အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီဟု နှစ်ပိုင်းကွဲနေခဲ့သည်မှာ နှစ်ပေါင်း ၂၈ နှစ်မျှ ကြာမြင့်ခဲ့သည်။ အရှေ့ဂျာမနီမှ အနောက်ဂျာမနီဘက်သို့ ထွက်ပြေးရန် ကြိုးစားခဲ့ကြသော အရှေ့ဂျာမန်နိုင်ငံသား ရာပေါင်းများစွာ အဖမ်းခံခဲ့ရပြီး တံတိုင်းကိုဖြတ်ကျော်ရန် ကြိုးစား၍ ၁၃၆ ဦး အသတ်ခံခဲ့ရသည်။ **အေပီ။**

၁၉၆၁ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့၌ အလုပ်သမားတစ်ဦး ဘာလင်တံတိုင်းတည်ဆောက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ပါဝန်ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးကို အသေခံတိုက်ခိုက်မှုဖြစ်ပွား အရပ်ဘက်ဝန်ထမ်းများနှင့် ရဲဝန်ထမ်းများ အပါအဝင် လူ ၂၅ ဦးသေဆုံး

ကဘူး ဩဂုတ် ၁၄

အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော်ကဘူးမှ မြောက်ဘက် ၅၅ ကီလိုမီတာအကွာတွင် တည်ရှိသော ပါဝန်ပြည်နယ်မြို့တော်ရှိ ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးကို အသေခံတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ တိုက်ခိုက်ရေးသမားခြောက်ဦး အပါအဝင် သေဆုံးသူ ၂၅ ဦးအထိရှိသွားပြီဖြစ်ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက် တစ်ရပ်တွင် ဖော်ပြထားသည်။

ယနေ့နံနက် ဒေသစံတော်ချိန် ၁၁ နာရီခွဲအချိန်တွင် ချာရီကာမြို့တော်ရှိ ပါဝန်ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးကို ပစ်မှတ်ထားကာ နည်းလမ်းစုံအသေခံတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အသေခံဗုံးခွဲသူ ခြောက်ဦးအပါအဝင် လူ ၂၅ ဦး သေဆုံးခဲ့ရသည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးမှ အရပ်ဘက်ဝန်ထမ်း ၁၄ ဦးနှင့် ရဲငါးဦးအသက်ဆုံးရှုံးခဲ့ရကြောင်း၊ ဝန်ထမ်း ၃၄ ဦးနှင့် ရဲသုံးဦးအပါအဝင် လူ ၃၇ ဦးတို့ အဆိုပါ ဖြစ်ရပ်အတွင်း ဒဏ်ရာရရှိခဲ့ကြောင်းဖြင့်လည်း ထည့်သွင်းဖော်ပြထားသည်။

အသေခံတိုက်ခိုက်ရေးသမားတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသောကားကို ရုံးအဝင်ဝတွင် ဖောက်ခွဲခဲ့ပြီး အခြားအသေခံတိုက်ခိုက်ရေးသမားနှစ်ဦးကလည်း ရုံးဝင်းအတွင်းသို့ အရောက်တွင် အသေခံဖောက်ခွဲခဲ့ကြောင်း၊ တစ်ပြိုင်တည်းမှာပင် ကျန်သုံးဦးက သေနတ်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်ကြည်းတပ်၌ ကိုယ့်ကိုယ်ကိုယ်သတ်သေနှုန်း ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် အမြင့်မားဆုံးဖြစ်

ဝါရှင်တန် ဩဂုတ် ၁၄

အမေရိကန်ကြည်းတပ်၏ အမြဲတမ်းတပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်များအတွင်း ကိုယ့်ကိုယ်ကိုယ် သတ်သေနှုန်းသည် အမြင့်ဆုံး အဆင့်သို့ရောက်ရှိနေကြောင်း တနင်္ဂနွေနေ့ အင်တာနက်သတင်း၌ ဖော်ပြသည်။

အမေရိကန်ကြည်းတပ်က ၂၀၀၉ ခုနှစ်မှစတင်၍ ကိုယ့်ကိုယ်ကိုယ် သတ်သေသည့် နှုန်းထားကို လစဉ်ထုတ်ပြန်ခဲ့ချိန်မှစ၍ ယခုနှစ် ဇူလိုင်လအတွင်း သေနှုန်းမှာ အမြင့်ဆုံးဖြစ်သည်။ ယင်းလအတွင်း အမြဲတမ်းတပ်ဖွဲ့ဝင် ၂၂ ဦးနှင့် အရပ်တပ်ဖွဲ့ဝင် ၁၀ဦးတို့သည် ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့ကြသည်။

ယင်းကဲ့သို့ သေဆုံးရခြင်းအကြောင်းရင်းကို တိကျစွာ အတည်ပြုပေးနိုင်ရန် ရှာဖွေစစ်ဆေးလျက်ရှိကြောင်း အမေရိကန် ကြည်းတပ်က ကြေညာခဲ့သည်။

ဖော်ညွှန်းနေ

ဤသို့ သေနှုန်းမြင့်မားလာခြင်းက ကိုယ့်ကိုယ်ကို သတ်သေနှုန်း လျော့ကျစေရန် ကြိုးပမ်းလျက်ရှိသည့် အမေရိကန်ကြည်းတပ်အတွက် မအောင်မြင်မှုကို ဖော်ညွှန်းနေခြင်းဖြစ်သည်။

ယခုနှစ်အတွင်း အမေရိကန်ကြည်းတပ် တပ်ဖွဲ့ဝင် ၁၆၀ ခန့် ကိုယ့်ကိုယ်ကိုယ်သတ်သေခဲ့ကြသည်ဟု သတင်းတွင် ဖော်ပြထားသည်။ **အင်တာနက်။**

သောကရောက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်လေယာဉ်တင်သင်္ဘော ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိလာ

ဟနွိုင်း ဩဂုတ် ၁၄

အာရှရန်သူဖြစ်ခဲ့ဖူးသော ဗီယက်နမ်နိုင်ငံသို့ အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ် ဂျော့ဂျ်ဝါရှင်တန် လေယာဉ်တင်သင်္ဘော အလည်အပတ်ရောက်ရှိခဲ့ကြောင်း တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြထားသည်။

ဗီယက်နမ်စစ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများသည် ချူကလီးယားစွမ်းအင်သုံး ဂျော့ဂျ်ဝါရှင်တန် လေယာဉ်တင်သင်္ဘောပေါ်သို့ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

ယူအက်စ်အက်စ် ဂျော့ရှ်ဝါရှင်တန် လေယာဉ်တင်သင်္ဘောသည် ဗီယက်နမ်စစ်ပွဲကာလအတွင်း အမေရိကန် ကျောထောက်နောက်ခံပြု တောင်ဗီယက်နမ်၏မြို့တော်တည်ရှိခဲ့ဖူးရာ ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသ ကမ်းလွန်၌ ရပ်နားထားသည်။

ဗီယက်နမ်နိုင်ငံသို့ အမေရိကန်လေယာဉ်တင်သင်္ဘောများ အလည်အပတ်လာရောက်ခြင်းမှာ ယခုအကြိမ်ပါဆိုလျှင် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး တစ်ချိန်က ရန်သူများဖြစ်ခဲ့သောနိုင်ငံနှစ်နိုင်ငံအကြား ဆက်ဆံရေး နွေးထွေးလာသည့်လက္ခဏာလည်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် ချူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော ၁၁ စင်းအား လက်ရှိပိုင်ဆိုင်ထားပြီး ကာကွယ်ရေးအသုံးစရိတ်အနေဖြင့် အီရတ်နှင့် အာဖဂန်စစ်ပွဲကုန်ကျစရိတ်များထည့်သွင်းတွက်ချက်ထားခြင်းမရှိဘဲ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ ဘီလီယံဝန်းကျင် သုံးစွဲသည်။

တရုတ်နိုင်ငံက ၎င်း၏ ဗားယက်ဂ်လေယာဉ်တင်သင်္ဘောအား ရေချစမ်းသပ်၍ ရက်သတ္တပတ်မျှအကြာ၌ ယူအက်စ်အက်စ် ဂျော့ဂျ်ဝါရှင်တန်လေယာဉ်တင်သင်္ဘော ဗီယက်နမ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

လက်ဘနွန်နိုင်ငံမှ အကျဉ်းသားများ အိပ်ရာခင်းစများသုံး၍ ထောင်မှလွတ်မြောက်

ဘေရွတ် ဩဂုတ် ၁၄

လက်ဘနွန်နိုင်ငံရှိ လုံခြုံရေးတင်းကျပ်ထားသည့် အကျဉ်းထောင်တစ်ခုတွင် အကျဉ်းချခံထားရသော အကျဉ်းသား ငါးဦးတို့သည် အိပ်ရာခင်းစများအသုံးပြု၍ အကျဉ်းတိုက်နံရံမှ လျှောဆင်းပြီး ထောင်ဝင်စာလာတွေ့သူ ဆွေမျိုးများနှင့်ရောနှောကာ ထောင်ဝင်းအတွင်းမှ ထွက်ပြေးလွတ်မြောက်သွားကြောင်း ဩဂုတ် ၁၃ ရက်သတင်းများ၌ ဖော်ပြသည်။

ဘေရွတ်မြို့တော်အရှေ့ဘက်ရှိ ရူမိုင်းအမည်ရှိ အကျဉ်းထောင်မှ အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်ခဲ့ခြင်းသည် လုံခြုံရေးများ၏ ပေါ့လျော့မှုဖြစ်ကြောင်း လက်ဘနွန်ပြည်ထဲရေးဝန်ကြီးက ပြစ်တင်ပြောကြားခဲ့သည်။

ထောင်ဖောက်ပြေးမှုဖြစ်ပွားချိန်၌ တာဝန်ကျဖြစ်သော လုံခြုံရေးတာဝန်ရှိသူများကိုလည်း အရေးယူရန် လက်ဘနွန်ပြည်ထဲရေးဝန်ကြီးက တောင်းဆိုခဲ့သည်။

ရူမိုင်းအကျဉ်းထောင်မှ လွတ်မြောက်ခဲ့ကြသူ အကျဉ်းသား ငါးဦးတို့၏အမည်နှင့် ဓာတ်ပုံများ၊ မျိုးရိုးဇာတိများကို လက်ဘနွန်အာဏာပိုင်များက ထုတ်ပြန်ခဲ့ကြပြီး ၎င်းတို့နှင့်ပတ်သက်၍ သတင်းရပါက ရဲတပ်ဖွဲ့အား သတိပေးရန် ပြည်သူများကို နှိုးဆော်ထားသည်။ ဒေသန္တရသတင်းမီဒီယာများ၏အဆိုအရ ထောင်မှ လွတ်မြောက်သွားသူများမှာ အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်ကို လိုလားသော ဖာတာအစ္စလာမ်အမည်ရှိ အုပ်စုဝင်များဖြစ်ကြောင်း သိရသည်။

၂၀၀၇ ခုနှစ်က လက်ဘနွန်နိုင်ငံမြောက်ပိုင်း၌ ဖာတာအစ္စလာမ်အုပ်စုနှင့် လက်ဘနွန်အစိုးရတပ်ဖွဲ့များအကြား သုံးလတာ တိုက်ပွဲဖြစ်ပွားခဲ့ရာ လက်ဘနွန်တပ်ဖွဲ့များက ဖာတာအစ္စလာမ်အဖွဲ့အား နှိမ်နင်းခဲ့သည်။ **အင်တာနက်။**

သီရိလင်္ကာတွင် ဆင်သန်းခေါင်စာရင်းကောက်ယူ

သီရိလင်္ကာနိုင်ငံ၌ တောဆင်ရိုင်းတစ်အုပ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုလန်ဘို ဩဂုတ် ၁၄

သီရိလင်္ကာနိုင်ငံအတွင်း တဖြည်းဖြည်း လျော့ပါးလာလျက်ရှိသည့် ဆင်များကို စစ်တမ်းကောက်ရန်အတွက် ရေအိုင်များနှင့် ရေလှောင်ကန်များအနီးရှိ သစ်ပင်များပေါ်တွင် ထိုးထားသောလင့်စင်များပေါ်၌ ရာပေါင်းများစွာသော သစ်တောဝန်ထမ်းများနှင့် လုပ်အားပေးများ ရောက်ရှိလျက်ရှိကြောင်း စနေနေ့ အေပီသတင်းတွင် ဖော်ပြထားသည်။

စနေနေ့တိုင်အောင် သုံးရက်ကြာ စာရင်းကောက်ယူခြင်းသည် ဆင်များကိုကာကွယ်ရန် ရည်ရွယ်၍ စီစဉ်ခြင်းဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောသည်။

ဩဂုတ် ၁၁ ရက်တွင် စတင်သည့် ဆင်သန်းခေါင်စာရင်းကောက်ယူရေးအတွက် အမျိုးသားသဘာဝဥယျာဉ်များသို့ ကမ္ဘာလှည့်ခရီးသည်များအား တာဝန်ရှိသူများက ပိတ်ထားခဲ့သည်။

ဆင်များ ရေသောက်ဆင်းရန်လာစဉ်တွင် ရေတွက်ရန်အတွက် နိုင်ငံတစ်ဝန်းနေရာဒေသ ၁၅၀၀ ကျော်သို့ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်သူများ၊ တောင်သူလယ်သမားများ၊ ရွာသူရွာသားများ စုစုပေါင်း ၄၀၀၀ နီးပါးကို စေလွှတ်ခဲ့သည်။

သီရိလင်္ကာနိုင်ငံတွင် ဆင်ကောင်ရေ ၅၀၀၀ မှ ၆၀၀၀ ခန့်ရှိမည်ဟု တာဝန်ရှိသူများက ယုံကြည်ကြသည်။ ၁၉၀၀ ခုနှစ်များ စောစောပိုင်းက ခန့်မှန်းခြေ ဆင်ကောင်ရေ ၁၀၀၀၀၀ မှ ၁၅၀၀၀၀ အထိ ရှိခဲ့သည်ဟုဆိုသည်။ ဆင်မုဆိုးများ၏ သတ်ဖြတ်မှု၊ လူသားတို့က ယင်းတို့၏ စားကျက်မြေများကို လယ်ယာမြေအဖြစ် ပြောင်းလဲခဲ့မှုတို့ကြောင့် ထိုသို့လျော့ကျ သွားခြင်းဖြစ်သည်ဟု ဆိုသည်။ **အေပီ။**

တပည့်များအား ဗလငါးတန်ဖွံ့ဖြိုးအောင် လေ့ကျင့်သင်ကြားပေး ဆရာ့အရည်အသွေးမြင့်မားရေးအတွက် အစဉ်လေ့လာဖြည့်ဆည်း

နေပြည်တော် ဩဂုတ် ၁၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမ၌ ပျော်ဘွယ်မြို့နယ် ပညာရေးမိသားစုနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မသင်မနေရ အခမဲ့မူလတန်းပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်ပိုင်သင်တန်းကျောင်းများကို စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေနှင့်အညီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်မြင့်မားလာအောင် လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ကြောင်း၊ ဉာဏ်ရည်ထက်မြက်သူများအတွက် ပညာတော်သင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်နိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း၊ ပညာရေးလုပ်ငန်းများအတွက် ဝန်ကြီးဌာနပေါင်းစုံနှင့် စေတနာရှင်အသီးသီးတို့က အားပေးကူညီပံ့ပိုးလျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် တပည့်များအား ဗလငါးတန်ဖွံ့ဖြိုးအောင် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ တပည့်များ၏ အရည်အသွေးမြင့်မားရေးအတွက် ဆရာ့အရည်အသွေး မြင့်မားနေရမည်ဖြစ်ကြောင်း၊ ဆရာ့အရည်အသွေး မြင့်မားရေးအတွက် အစဉ်လေ့လာ ဖြည့်ဆည်းနေကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး ကျောင်းဝတ်စုံ အစုံ ၅၀ ကို ပေးအပ်လှူဒါန်းရာ ပျော်ဘွယ်မြို့နယ် ပညာရေးမှူးဦးရဲညွန့်က လက်ခံသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ ဇနီး ဒေါ်စန်းလေးညွန့် မိသားစုက ပျော်ဘွယ်မြို့နယ် အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများရှိ စာကြည့်တိုက်များသို့ ရန်ပုံငွေကျပ်သုံးသိန်းစီကို လည်းကောင်း၊ ကျီတိုင်ကုန်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ကျောင်းရန်ပုံငွေကျပ်သုံးသိန်း၊ ရွှေညောင်ဖူး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ညောင်ကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ကျောင်းရန်ပုံငွေကျပ် တစ်သိန်းခွဲစီကို လည်းကောင်း၊ ဘတ္တလက်ပံတော အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ပေကုန်း ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းတို့သို့ ကျောင်းရန်ပုံငွေကျပ်တစ်သိန်းစီကို လည်းကောင်း ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့စက်မှုဇုန်ရှိ အမှတ်(၂၇) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် သဲတောဝမ်းတွင်း အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံကာ သင်ကြားရေးအတွေ့အကြုံကောင်းများ ထပ်လောင်းဖြည့်ဆည်းရန်၊ ပြည်သူ့နီတိနှင့် လောကနီတိကျင့်ဆောင်စရာများကို လေ့ကျင့်သင်ကြားပေးရန်၊ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးကြရန်၊ တပည့်များအား မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နေအောင် သင်ကြားပေးရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သဲတောဝမ်းတွင်း အခြေခံပညာအထက်တန်းကျောင်းအတွက် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်နှင့် ဇနီး ဒေါ်မိမိတို့က ကျောင်းစိမ်းလုံချည်များကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

တွေ့ဆုံမှာကြား

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပျော်ဘွယ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပျော်ဘွယ်မြို့နယ် ပညာရေးမိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၅ ၈။ အဆိုပြိုင်ပွဲ
- ၈း၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အတီးပြိုင်ပွဲ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရသစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၀၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၀ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင်(ပထမတန်း) အဆင့်] (အမျိုးသား၊အမျိုးသမီး)
- ၅း၄၅ ၁၀။ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ပညာရေးကောလိပ်များ ရေကူးပြိုင်ပွဲ(အပိုင်း-၁)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာနှလုံးသား (အပိုင်း-၁၇)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပန်းသုံးပွင့်ရဲ့ ဒိုင်ယာရီ” (အပိုင်း-၁)**
- ၂၀။ အစီအစဉ်ပြီး၏။

မန္တလေးတိုင်းဒေသကြီးရှိ ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများ အမှတ်(၂)လျှပ်စစ်စွမ်းအား ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ဩဂုတ် ၁၁ ရက် ညနေ ၃ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ရှိ (၃၃/၁၁) ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုများနှင့် ခွဲရုံ Switch Yard အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ (၁၃၂/၃၃) ကေဗွီ (၂ × ၅၀)အမ်ဗွီအေ တောင်တော်ကွင်း ပင်မဓာတ်အားခွဲရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်၌ ဓာတ်အားခွဲရုံ ထိန်းချုပ်ခန်း (Control Building) တည်ဆောက်ပြီးစီးမှုနှင့် ခွဲရုံ Switch Yard အတွင်း တပ်ဆင်မည့် (၁၃၂/၃၃) ကေဗွီ(၅၀) အမ်ဗွီအေ ထရန်စဖော်မာ နှစ်လုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား ခွဲရုံတည်ဆောက်မှုများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်၊ ရေရှည်ခိုင်ခံ့ ကောင်းမွန်အောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေး၊ ခွဲရုံ Switch Yard တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းမီအောင် စနစ်တကျ တည်ဆောက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့အနီးရှိ (၁၃၂)ကေဗွီ အင်းကုန်း ပင်မဓာတ်အားခွဲရုံ (ကျောက်ဆည်) သို့ရောက်ရှိပြီး ခွဲရုံ Control Pannel ခန်းအတွင်း ဓာတ်အားဖြန့်ဖြူးနေမှု၊ Switch Yard အတွင်း Switch Bay များ၊ ထရန်စဖော်မာများနှင့် Switch Gear များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ နေပြည်တော်၌ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပသည်။

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲ တတိယနေ့တွင် နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုမ္ပဏီများမှ ရတနာကုန်သည်များသည် ဧရိယာအလိုက် ခင်းကျင်းပြသထားသော အဆင့်နိမ့် အသားကျောက်အတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာရွေးချယ်မှတ်သားကြပြီး**(အောက်ဝဲပုံ)** ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီမှ တာဝန်ရှိသူများက လိုက်လံကြိုးကြပ်လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

အဆိုပါ အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသည့် ကျောက်စိမ်းအရိုင်းအသားကျောက် C(စီ)အဆင့်၊ D(ဒီ) အဆင့်နှင့် အဆင့်အလွန်နိမ့်သော ကျောက်စိမ်းအတွဲပေါင်း ၂၀၅ တွဲကို ပြည်တွင်း ရတနာကုန်သည်များအား မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

နေပြည်တော်၌ကျင်းပသည့် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲတွင် ဩဂုတ် ၁၂ ရက်မှ ယနေ့အထိ ကျောက်စိမ်းအသားကျောက် အတွဲများကို ကြည့်ရှုရွေးချယ်ခြင်းနှင့် ဈေးနှုန်းအဆိုပြုလွှာများ ထည့်သွင်းခြင်းတို့ကို ပြုလုပ်ကြမည်ဖြစ်ပြီး ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဝယ်ယူကြရမည်ဖြစ်သည်။ (သတင်းစဉ်)

ဇီဝိတဒါနဆေးရုံစတင်တည်ထောင်သူ ဦးဘအေး-ဒေါ်သိန်းတင်တို့၏သမီး ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဒေါက်တာ ဦးဝင်းလွင်-ဒေါက်တာ ဒေါ်ခင်ကြည်ကြည် သားသမီးမြေးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

✻ **ကျောဖုံးမှ**

တီထွင်ဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဂျာမနီနိုင်ငံရှိ ဖရွန်ဟိုဖာသိပ္ပံမှ သုတေသီများက ပြောကြားကြသည်။

ပြင်သစ်နိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်က ကွန်ကော့ဒ် လေယာဉ်တစ်စင်းသည် လေယာဉ်ပြေးလမ်းပေါ်ရှိ သတ္တုပစ္စည်းအပိုင်းအစတစ်ခုကို တက်နင်းမိရာမှ လေယာဉ်၏ ဘီးတာယာတစ်လုံး ပေါက်ခဲ့ရပြီး ယင်းသတ္တုပစ္စည်း အပိုင်းအစသည် လေယာဉ်ဆီလှောင်ကန်တစ်လုံး အတွင်းသို့ ရောက်ရှိသွားခဲ့ရာမှ မီးလောင်မှုဖြစ်ပွားကာ လေယာဉ်ပျက်ကျခဲ့ရသည်။ အဆိုပါ လေယာဉ်မတော်တဆမှုကြောင့် ၁၁၃ ဦး သေဆုံးခဲ့ရသည်။

လောလောဆယ်တွင် လေယာဉ်ပြေးလမ်းပေါ် အပျက်အစီးအပိုင်းအစများ ရှိနေခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် လေဆိပ်လုပ်သားများက မော်တော်ကားဖြင့် လှည့်ပတ်ကြည့်ရှုစစ်ဆေးပေးလေ့ရှိသည်။

ဂျာမန်သိပ္ပံပညာရှင်များ တီထွင်ထားသော အာရုံခံစနစ်၌ အနီအောက်ရောင်ခြည်သုံး ကင်မရာများ၊ 2-D နှင့် 3-D ကင်မရာများ၊ ကွန်ရက်ချိတ်ထားသော ရေဒါအာရုံခံကိရိယာများ ပါဝင်သည်။ လေယာဉ်ပြေးလမ်းပေါ်၌ အကျိုးအပဲ့အပိုင်းအစများ ရှိ၊ မရှိ အဆိုပါစနစ်ဖြင့် အဆက်မပြတ် သတင်းပေးပို့နိုင်မည်ဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။ **အင်တာနက်။**

မေတ္တာအစွမ်းနှင့် လဝါခေါင်

ဝိသဇ္ဇက(ပဲခူး)

ရာသီစက်ဝန်းသည် တစ်လပြီးတစ်လ ဖြစ်ပေါ်ပြောင်းလဲနေသည်။ ထို့ကြောင့် ဝါခေါင်လသည် မိုးဥတုရာသီဖြစ်၍ ရာသီမြသားကမ္ဗလာဝယ် ပျိုးနုတ်ကောက်စိုက်သူ ပျိုမေတို့က ပန်းခတ္တာဆူးရစ်တို့ တဝေဝေနှင့် ပျော်ရွှင်စွာရှိနေကြပြီ။

မိုးရာသီ ဝါခေါင်လအား "ဒေဝရိန်၊ ပဇ္ဇုန်မျိုးငယ်က မြူးလှတယ်လေး"ဟူ၍ မဟာအတုလမင်းကြီးက လွမ်းချင်းဖြင့်လည်းကောင်း၊ "ကမ်းပြည်ညိုညို၊ ရေတခိုဝယ်၊ မယ်ဖိုဆွေစုံ၊ ပျော်ရေးပဲကြုံတော့"ဟူသော လူဦးမင်းက လေးချိုးဖြင့်လည်းကောင်း ဖွဲ့ဆိုထားကြသည်။ မိုးလှိုင်လှိုင်ရွာနေပြီဖြစ်သော ဝါခေါင်လသည် မြစ်ရေချောင်းရေတိုးကာ ရေလျှံတတ်သည်။ "ဝါဆိုဝါခေါင် ရေဖောင်ဖောင်"၊ "ဝါဆိုဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ်" ဟူ၍လည်း ပညာရှင်များက မှတ်တမ်းတင်ခဲ့ကြသည်။

"သပြေကသီး ရေကကြီးသနဲ့၊ ထန်းသီးကကြွေ၊ မိုးကစွေ" ဟူသော စာဆိုနှင့်အညီ သပြေသီးများ မှည့်သည်၊ ကြွေလေသည်။ သပြေသည် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံတွင် ရှေးအခါမှစပြီး မျက်မှောက်ခေတ်တိုင်အောင် အောင်အတိတ်၊ အောင်နိမိတ်ဖြစ်ခဲ့သည်။ အဆောင်အယောင်အဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ "အောင်ပါစေ သပြေညိုဆိုတဲ့ပန်းရယ်နဲ့ ရေချမ်းကိုလောင်း" စသည့် ရှေးစည်တော်သီချင်းတွင် ဆိုထားပေ၏။

ဆယ့်နှစ်ရာသီဖွဲ့မဟုတ်သော်လည်း စကားပြေများကိုသာ ပြုစုတော်မူခဲ့သော မင်းဘူး ဦးသြဘာသ အရှင်မြတ်သည် ဝိဓူရဇာတ်တော်နိဂုံးတွင်-

"လကား ဝါခေါင်၊ တောင်လေဆောင်၍၊ ကျွန်းတောင်မြစ်ဝှမ်း၊ ကမ်းပြည့်လျှမ်းလျက်၊ တင်းကျမ်းရေပြင်၊ ကိုင်းပင်ဖောင်းပွင့်၊ ဖွေးဖွေးဆင့်လျက်၊ ကျူးရင့်ချိန်ဆုံး၊ ပဇ္ဇုန်မှုန်းလျက်၊ ထစ်ချုန်းရိုက်မည်၊ မိုးပွဲစည်လျက်၊ စိုပြေမြေပြင်၊ ပန်းသစ်ပင်လည်း၊ ညွန့်ရှင်ဆိုင်းဆိုင်း၊ ရိပ်ညိုမှိုင်းနှင့်၊ ခက်ကျိုင်းလန်းလန်း၊ မြရည်သွန်းသို့၊ ထက်ဝန်းစုံညီ၊ သိဟ်ရာသီ၌"ဟူ၍ တန်ဆာဆင်ကာ ရာသီစက်ဝန်းသည် သြကာသလောက၏ သာယာပုံသဘာဝကို ချဲ့သီကုံးကာ ဖွဲ့နွဲ့ထားသည်။

ဝါခေါင်ဟူသော ဝေါဟာရတွင်"ဝါ"သည် ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းဖြစ်၏။ "ခေါင်" သည် အလယ်ဗဟိုဖြစ်သည်။ ဝါတွင်းလများ၏ အလယ်ဗဟိုဟု ဆိုလိုခြင်းဖြစ်သည်။ ပုဂံခေတ်ထိုး ကျောက်စာများတွင်" နံကာလ"ဟု သုံးစွဲသည်။ နံကာလ၏ အဓိပ္ပာယ်မှာ "လယ်လုပ်ချိန်လ" ဟူ၍ ဖြစ်သည်။

ရှေးအခါက ဝါခေါင်လ၏ ရာသီပွဲမှာ စာရေးတံပွဲဖြစ်သည်။ စာရေးတံပွဲပြုလုပ်သည့် အစဉ်အလာမှာ ဓမ္မပဒ အဋ္ဌကထာ ပဏ္ဍိတဝဂ္ဂ ပဏ္ဍိတသာမဏေဝတ္ထုအရ ကဿပဘုရားရှင်လက်ထက်တော်ကပင် စတင်ပေါ်ပေါက်သည်ဆို၏။ နောက်ပိုင်းတွင် "မဂ်ဖိုလ်ဆုပန်၊ စာရေးတံနှင့်၊ သီးမွှန်စုံစွာ၊ ပဒေသာကို၊ လှူဒါသဘင်၊ ခမ်းနားယင်၍" ကုသပျို့တွင် လာသကဲ့သို့ ရဟန်းတော်များ အသုံးအဆောင်နှင့် ပစ္စည်းတို့ကို ပဒေသာပင်သီး၍ စာရေးတံများချကာ လှူဒါန်းလာကြသည်။ မျက်မှောက်ကာလသည် ဝါခေါင်လ၌ မေတ္တာအခါတော်နေ့ဟူ၍ မေတ္တာပို့ကြမည်ဖြစ်သည်။ မေတ္တာပို့ရာတွင် မေတ္တာသုတ်တော်သည် အစွမ်းထက်လှပေသည်။

ဘုရားဟော ဓမ္မက္ခန္ဓာအစစ်ဖြစ်သော မေတ္တာသုတ်ပရိတ် ဒေသနာတော်ကြီးကို နှုတ်နဲ့ ရွတ်ပွားပြီး မေတ္တာဘာဝနာစီးဖြန်းပါက လောကီလောကုတ္တရာနှစ်ဖြာနှစ်ဝလိုက်နာကျင့်သုံးရမည့် စည်းကမ်းနည်းလမ်းတွေကို အတိအကျ ညွှန်ပြထားသည့် ကျင့်စဉ်ကြီးဖြစ်ပေသည်။ သက္ကောဥဇူစ၊ သုဟုဇူစ စိတ်ရောကိုယ်ပါ ဖြောင့်မတ်ရမည်။ နာညမညဿ၊ ဒုက္ခ မစ္ဆေယျ အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် ဆင်းရဲဒုက္ခရောက်ခြင်းကို အလိုမရှိကြပါနှင့်စသော လိုက်နာကျင့်သုံးစရာများကို အတိအကျ ညွှန်ပြထားပေသည်။

မေတ္တပရိတ်သုတ်တော်ဖြင့် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းရာမှာ မေတ္တာအမွှန်းတို့ မေတ္တာကျင့်ဖွယ်ဆိုအပ်သော အချက်(၇)ချက်ဖြစ်သည်။

မေတ္တာသုတ်တော်တွင် ပါရှိသော ပါဠိမှ ယဿာနုဘာဝတော စသည့် စာပိုဒ်သည် မေတ္တာသုတ်အမွှန်းဖြစ်ပါသည်။

(၁)မေတ္တာအမွှန်း

မေတ္တပရိတ်တော်၏ အာနုဘော်ကြောင့် နတ်အများတို့သည် ကြောက်မက်ဖွယ်အာရုံမျိုးကို မပြနိုင်ဘဲ ရှိကြရသည်။ ထိုမေတ္တာသုတ်ပရိတ်တော်၌ နေ့ညမပျက် မပျင်းမရိဘဲ ထပ်တလဲလဲ စွဲမြဲရွတ်ပွားကြိုးစားအားထုတ်သူသည် ချမ်းချမ်းသာသာ အိပ်စက်ရ၏။ အိပ်ပျော်သည်ရှိသော် မကောင်းသောအိပ်မက်မျိုးလည်း မမြင်မက်ရ။ ဤသို့စသော အကျိုးအာနိသင်နှင့် ပြည့်စုံသော မေတ္တသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ကြပါ။ မေတ္တာသုတ်အမွှန်းဖြစ်သည်။

(၂)မေတ္တာကျင့်ဖွယ်

ငြိမ်းအေးသော နိဗ္ဗာန်သို့ ဉာဏ်ဖြင့်သက်ဝင်၍ နေလိုသော၊ အကျိုးစီးပွား၌ လိမ္မာသောသူတို့ပြုကျင့်အပ်သော ကျင့်ဖွယ်မှုမှာ (၁)ကျင့်စွမ်းနိုင်ရမည်၊ (၂)ကိုယ်နှုတ်ဖြောင့်မတ်ရမည်၊ (၃)စိတ်နေစိတ်ထားကောင်းစွာဖြောင့်မတ်ရမည်၊ (၄)ဆိုဆုံးမလွယ်ရမည်၊ (၅)စိတ်ထားနူးညံ့သိမ်မွေ့ရမည်၊ (၆)လွန်ကဲတက်ကြွသော မာန်မာနမရှိရာ၊ (၇)ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်ရမည်၊ (၈)သူတစ်ပါးအပြုအစုမခက်အောင်နေရမည်၊ (၉) အပိုအလုပ်အမှုကိစ္စနည်းရမည်၊ (၁၀) ဝန်ကျဉ်းပေါ့ပါးသောအသက်မွေးမှုရှိရမည်၊ (၁၁) ငြိမ်သက်သော ဣန္ဒြေရှိရမည်၊ (၁၂)ရင့်ကျက်သော ပညာရှိရမည်၊ (၁၃)ကိုယ်နှုတ်နှလုံးကြမ်းတမ်းခြင်းမရှိရာ၊ (၁၄) ပုဂ္ဂိုလ်စွဲ၊ ဆရာစွဲ၊ လူမျိုးစွဲတပ်မက်မှုကင်းရမည်၊ (၁၅) ပညာရှိတို့ ကဲ့ရဲ့မည့် ဒုစရိုက်မှုကို အနည်းငယ်မျှ မပြုမကျင့်ရာ။

(၃)မေတ္တာပွားနည်း

ကြွင်းမဲ့ဥဿုံ အလုံးစုံသော သက်ရှိသက်မဲ့သတ္တဝါ၊ ထိတ်လန့်တတ်သော ပုဂ္ဂိုလ်၊ စိတ်ဓာတ်ခိုင်ခံ့သော ပုဂ္ဂိုလ်၊ ခန္ဓာကိုယ်ရှည်သော သတ္တဝါ၊ ခန္ဓာကိုယ်ကြီးသော သတ္တဝါ၊ ခန္ဓာကိုယ်အလယ်အလတ်အစားရှိသော သတ္တဝါ၊ ခန္ဓာကိုယ်ပုတိုသော သတ္တဝါ၊ ခန္ဓာကိုယ်သေးသွယ်သော သတ္တဝါ၊ ခန္ဓာကိုယ်ဆူဖြိုးသော သတ္တဝါ၊ မြင်ဖူးသော မမြင်ဖူးသော သတ္တဝါ၊ အဝေး၌နေသော သတ္တဝါ၊ အနီး၌နေသော သတ္တဝါ၊ ဘဝ၌ ဖြစ်ပြီးကြကုန်သော ရဟန္တာပုဂ္ဂိုလ်၊ ဘဝအသစ်ကို ရှာမှီးနေကြကုန်သေးသော ပုထုဇဉ်ပုဂ္ဂိုလ်၊ ခပ်သိမ်းကုန်သော သတ္တဝါပုဂ္ဂိုလ်များသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ တစ်ယောက်နှင့်တစ်ယောက် အမျက်ဒေါသကင်းကြပါစေ။ တစ်ယောက်နှင့်တစ်ယောက် အထင်အမြင်သေးမှု ကင်းဝေးကြပါစေ။ တစ်ယောက်နှင့်တစ်ယောက် ဒေါသဖြင့် ချုပ်ချယ်မှု ကင်းကြပါစေ။ တစ်ယောက်နှင့် တစ်ယောက်(အချင်းချင်း)ဆင်းရဲဒုက္ခရောက်ခြင်းကို အလိုမရှိကြပါစေလင့်ဟူ၍ မေတ္တာပွားများပါ။

(၄)မေတ္တာစိတ်ထားနည်း

မိခင်သည် ရင်၌ဖြစ်သော တစ်ဦးတည်းသော သားကို အသက်နှင့်ထပ်တူ အစဉ်စောင့်ရှောက်သကဲ့သို့ သတ္တဝါခပ်သိမ်းတို့၌ အသက်နှင့်ထပ်တူ မေတ္တာစိတ်ကိုထားပါ။

(၅)မေတ္တာနယ်ပယ်

အထက်-အောက်-ဖီလာ အလုံးစုံသော လောက၌ ကျဉ်းမြောင်းခြင်းမရှိသော မေတ္တာကိုပွားများရာ၏။ အတွင်းရန်-အပြင်ရန်ကင်းသော၊ အတိုင်းအရှည် မရှိသော မေတ္တာစိတ်နယ်ပယ် ဖြစ်သည်။

(၆)မေတ္တာဣရိယာဖြင့်ပွားများ

ငိုက်မျဉ်းခြင်းကင်း၍ ရပ်နေသမျှ၊ သွားနေသမျှ၊ ထိုင်နေသမျှ၊ လျောင်းနေသမျှ ကာလပတ်လုံး ဤဣရိယာပုတ်ဖြင့် မျှတသော သတိကို ပွားများဆောက်တည်ရာ၏။

(၇) မေတ္တာသမထမှ ဝိပဿနာသို့

ထိုသို့ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းလျက် သမထမှ ဝိပဿနာသို့ ကျင့်ခြင်းဖြင့် သက္ကာရဒိဋ္ဌိသို့လည်း မကပ်ရောက်နိုင်၊ လောကုတ္တရာသီလရှိသည်ဖြစ်ကာ သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍ လောကီ၌ တပ်မက်တွယ်တာမှုကို ပယ်ဖျောက်သည်ရှိသော် အမိဝမ်း၌ တစ်ဖန်ပဋိသန္ဓေနေခြင်းသို့ မရောက်တော့ပါ။

မေတ္တာသုတ်တော်သည် နှုတ်ကရွတ်ပွားပူဇော်ရင်းနှင့် အနက်အဓိပ္ပာယ်ကိုသိရှိပြီး လိုက်နာဆင်ခြင်ကျင့်သုံးကြရမည့်ကျင့်စဉ်တွေဖြစ်ပေသည်။ ထိုသို့ တိတိကျကျလိုက်နာကျင့်ကြံကြမည်ဆိုလျှင် ဘဝအသစ်မဖြစ်တော့ပါ။

မြတ်ဘုရားရှင်၏ မှန်သော မေတ္တာတရားဟူသည် သတ္တဝါအားလုံးတို့ကို ချမ်းသာစေခြင်းပင်ဖြစ်သည်။ မေတ္တာပို့ပါက ရောက်သည်ဟူသော ယုံကြည်ချက်ကို ကမ္ဘာ့သိပ္ပံပညာရှင်တို့ပင် ယုံကြည်လျက်ရှိကြသည်။

အချုပ်အားဖြင့် မေတ္တာဟူသည် မိမိကိုယ်ကို ချမ်းသာစေခြင်း၊ မိမိနှင့်တကွ သတ္တဝါအားလုံးကို ချမ်းသာစေလိုခြင်းပင်ဖြစ်သည်ကို ဤလဝါခေါင်ကျရောက်သည့် မေတ္တာအခါတော်နေ့၌ မေတ္တာပို့ကြရပေတော့မည်ဖြစ်ပေသတည်း။ ။

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အခမ်းအနားများ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ၂၄ နာရီ အသံမစဲ စုပေါင်းမေတ္တာပွားများပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ (အဖိတ်နေ့) နံနက် ၆ နာရီမှ စ၍ ရင်ပြင်တော် ဗုဒ္ဓဟူးထောင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပပြီး ယနေ့ (ဝါခေါင်လပြည့်နေ့) နံနက် ၆ နာရီတွင် အခမ်းအနားအောင်ပွဲ(ပိတ်ပွဲ)ကို ကျင်းပခဲ့သည်။

ထို့အပြင် ယနေ့(ဝါခေါင်လပြည့်နေ့) နံနက် ၆ နာရီခွဲတွင် ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲအဖြစ် ပန်းစေတီများ လှည့်လည်ပူဇော်ပွဲကို ကျင်းပပြီး (၁၂)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းဆွမ်းလှူဒါန်းပွဲ ဖွင့်ပွဲ အခမ်းအနားကို ချမ်းသာကြီးတန်ဆောင်း၌ လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် ဝါတွင်းသီလခံယူပွဲ အခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ လည်းကောင်း ကျင်းပခဲ့သည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ် လုပ်ငန်းလှုပ်ရှားဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအေးကြူ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၁၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူသည် ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းကျန်းမာရေးရက်သတ္တပတ်လုပ်ငန်းလှုပ်ရှားဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ကျန်းမာရေးနှင့် ပြည့်စုံသူများဖြစ်အောင် ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ငယ်စဉ်ကပင် ကျန်းမာရေးဗဟုသုတနှင့် အလေ့အကျင့်ကောင်းများ သိရှိဆောင်ရွက်တတ်ရန်လိုကြောင်းဖြင့် ပြောကြားပြီး ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

စီအိုင်အေ ခြေရာ-ကမ္ဘာအနှံ့ စာအုပ်ထုတ်ဝေဖြန့်ချိ

ကမ္ဘာ့နိုင်ငံဒေသများကို ကွက်လပ်မကျန် ဝင်ရောက်ခြေရှုပ်မွှေနှောက် ဒုက္ခပေးနေသည့် အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီခေါ် စီအိုင်အေ အဖွဲ့အကြောင်း အများသိထားစရာ၊ သတိထားစရာများကို နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေလေ့လာပြီး သတင်းစာဆရာ စာရေးဆရာ တက္ကသိုလ်မြတ်သူ ရေးသားတင်ပြလိုက်သော စီအိုင်အေ ခြေရာ-ကမ္ဘာအနှံ့ စာအုပ်ကို သင်းစာပေမှ ထုတ်ဝေ၍ ဟန်သာဆုစာအုပ်တိုက်က ဖြန့်ချိလိုက်သည်။

စီအိုင်အေအကြောင်း အူသိမ်အူမမကျန် လေ့လာတင်ပြထားသည်ကို တွေ့ရသည်။ အာရှနိုင်ငံများတွင် စီအိုင်အေမွှေခဲ့ပုံများကို ဖတ်ရှုနိုင်ကြပေမည်။ ကမ္ဘာ့နိုင်ငံရေးအကြောင်းကိုပဲပြောပြော၊ မြန်မာ့နိုင်ငံရေးအကြောင်းကိုပဲပြောပြော စီအိုင်အေ ခြေရှုပ်မှုအကြောင်းမပါဘဲ မပြည့်စုံနိုင်ကြောင်း စီအိုင်အေခြေရာ-ကမ္ဘာအနှံ့စာအုပ်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။ စီအိုင်အေအကြောင်း ဒုတိယစာအုပ်ဖြစ်သည့် စီအိုင်အေမွှေနေသော နိုင်ငံများနှင့် တတိယစာအုပ်ဖြစ်သည့် စီအိုင်အေနှင့် မြန်မာနိုင်ငံတို့စသည့် စာအုပ်များကို ဆက်လက်ထုတ်ဝေသွားမည်ဟု သိရသည်။ ယခုစာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၁၁ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာစာစောင် အတွဲ (၃၈)၊ အမှတ်(၈)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါသုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့နယ်အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရမည်းသင်း-ကန်ဘဲ့ ကျေးလက်လမ်း ကန်ကာကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အောင်ဇေယျဓိဆုတောင်းပြည့်စေတီတော် အသံမစဲအဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲနှင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းဖွင့်ပွဲ၊ အလှူငွေပေးအပ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်ကြည်ညို

ရန်ကုန် ဩဂုတ် ၁၄

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်ဇေယျဓိဆုတောင်းပြည့်စေတီတော်၌ ကျင်းပသည့် အသံမစဲ အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ထို့နောက် နံနက် ၉ နာရီခွဲတွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားပြီး ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း တည်ထောင်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအတွက် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက က မတည်အလှူငွေကျပ် သိန်း ၂၀၀၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ မိသားစုက ငွေကျပ် ငါးသိန်း၊ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီနှင့် ရွှေပြည်နန်းကုမ္ပဏီတို့က ငွေကျပ်သိန်း ၁၀၀၀ စီ အပါအဝင် စုစုပေါင်းအလှူရှင် ၂၀၀ ကျော်တို့က ငွေကျပ် သိန်း ၅၇၀၀ ကျော်နှင့် ပြည်ပမှ ပေးပို့လှူဒါန်းသော အမေရိကန် ဒေါ်လာ နှစ်သိန်းခန့်တန်ဖိုးရှိ ဆေးပစ္စည်းကိရိယာများကို လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက က ဩဝါဒကထာ မြွက်ကြားကာ အနုမောဒနာတရားချီးမြှင့်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ကျောက်ဖြူခရိုင် ပညာရည်ချွန်ဆုပေးပွဲ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြအောင်၊ ပြည်နယ်စိုက်ပျိုးရေး၊ ပညာရေးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျောက်ဖြူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်နှစ်ဆောင် ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းဆောင်ရွက်နေသည့် CNPC ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ခရိုင်အတွင်း စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများ ဆောက်လုပ်လှူဒါန်းမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ကျောက်ဖြူမြို့ တောင်ရင်းရပ်ကွက်၌ ဘိုးဘွားရိပ်သာ ဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီတွင် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျင်းပသည့် ကျောက်ဖြူခရိုင် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်နိုင်ရန်အတွက် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၁၁ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo / MRTV-4 သတင်း
- ၅း၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (LIVE)
- ၇း၃၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၆)**
- ၈း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၃၈)**
- ၉း၀၅ MRTV-4 7th Anniversary ဂန္ထဝင်သံစဉ်များ (အပိုင်း-၃)
- ၁၀း၀၀ ရွှေလက်ကမ်းလို့ကြိုနေမည့် စလင်းမြေ
- ၁၀း၁၀ ပိဋကသုံးပုံ DVD အကြောင်း သိကောင်းစရာ
- ၁၀း၃၅ The Champion of Dance
- ၁၁း၂၀ Celebrity Choice
- ၁၁း၅၅ နဒီနက္ခတ်ဆိုင်ရာ သိကောင်းစရာ ဆွေးနွေးခန်း
- ၁၂း၂၅ A Journey to the Korea
- ၁၂း၄၅ နှလုံးသားမှ စကားသံများ
- ၁း၀၀ "မိဘကျေးဇူး" တရားတော် (ဆရာတော်ဘဒ္ဒန္တနာရဒ)
- ၁း၄၅ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ကြည်ဖြူ . . . ညီတူ . . . ဆုထူးယူ သူရိန်ဝင်း၏ မရှိခဏအလှူ
- ၂း၄၅ နွေ မိုး ဆောင်း ရာသီများအတွက် အဝတ်ခြောက်စက်
- ၃း၀၅ ဂေါက်ရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
- ၃း၁၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၆)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၃၈)**
- ၅း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အသည်းတံခါးများ ဟစိဟစိ"
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk
- ၆း၅၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၇)**
- ၇း၃၀ ဗီဒီယိုပြခန်း
- ၇း၅၀ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေများပေးအပ်လှူဒါန်းပွဲ
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၃၉)**
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၀ သီးနှံစိုက်ပျိုးအထွက်တိုး "ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ"
- ၁၀း၅၀ International Show Biz
- ၁၁း၀၅ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသိင်္ဂီမြင့်၊ မေကဗျာ)
- ၁၁း၄၅ ဆန်းသစ်တီထွင်ဒီဖိုင်းဖက်ရှင်
- ၁၂း၀၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
- ၁၂း၂၅ Celebrity Profile (Jet Li)
- ၁၂း၅၀ အသက်ကယ်တဲ့ရှည်စေလို (မင်းရာဇာ၊ စိုးရန်အောင်၊ သီရတိ) [ဒါရိုက်တာ-ဒေါက်တာတင်အောင်ရွှေ(သုတေသီ)]
- ၁း၀၀ Shooting Location
- ၁း၂၅ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
- ၁း၅၀ မြန်မာမှုလက်ရာပန်းတဉ်းပညာ
- ၂း၂၀ ဒို့တိုင်းဌာနီဧရာဝတီ
- ၂း၄၅ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်
- ၄း၂၅ မေတ္တာနန္ဒမှသည် မိဘမဲ့ ကလေးငယ်များဆီသို့
- ၄း၄၅ သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
- ၄း၅၀ သာသနာပျိုးခင်း
- ၅း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Man City - Swansea	ESPN (Live)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ပညာဂုဏ်ရောင် အလင်းဆောင်

ရှမ်းပြည်နယ် တောင်ကြီးခရိုင်အတွင်းရှိ စာကြည့်တိုက်များ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းတို့သည် တောင်ကြီးခရိုင် ဦးစီးအရာရှိနှင့်အတူ ဩဂုတ် ၁၀ ရက်တွင် တောင်ကြီးမြို့နယ်နှင့် ကျောက်တလုံးကြီးမြို့နယ်ခွဲရှိ ကျေးရွာစာကြည့်တိုက်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တောင်ကြီးမြို့နယ် အတွင်းရှိ ပန်သခွားကျေးရွာ "ပညာပဒေသာ" စာကြည့်တိုက်၊ ထီးဟန်းဆွေးကျေးရွာ "ပညာအလင်း" စာကြည့်တိုက်နှင့် ဖာမွန်းကျေးရွာ"သုတ" စာကြည့်တိုက်၊ ကျောက်တလုံးကြီးမြို့နယ်ခွဲအတွင်းရှိ ကက္ကူကျေးရွာ "ဖွံ့ဖြိုးရေး" စာကြည့်တိုက်၊ ဟမ်းဆီးကျေးရွာ "ပညာအလင်း" စာကြည့်တိုက်နှင့် ဝင်းယကျေးရွာ "ပော်ခွန်"စာကြည့်တိုက်တို့နှင့် ပတ်သက်၍စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈)သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပေါင်မြို့နယ် ပညာတံခွန်(၆)စာကြည့်တိုက် စာအုပ်၊စာစောင်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်

ပေါင် ဩဂုတ် ၁၄

မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စု ရဲပြားကုန်းကျေးရွာ ပညာတံခွန်(၆) စာကြည့်တိုက်တွင် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်၊စာစောင်နှင့်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ သထုံခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်(၅)ရပ်အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပေါင်မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက စာကြည့်တိုက်အတွက် သုတ၊ရသ စာအုပ်မျိုးစုံ ၂၀၀ ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦးက လက်ခံရယူပြီး ကျေးရွာအလှူရှင်များက စုပေါင်းမတည်လှူဒါန်းငွေကျပ်ငါးသောင်းအား အလှူရှင် ဦးရဲအောင်က ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။(မြို့နယ်ပြန်/ဆက်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အောဝမ်းစိုး

ကိုရီးယားမင်းသမီး ဟန်ဂျီဟေး ရုပ်သံဇာတ်လမ်းတွဲသစ်တွင် ပါဝင်သရုပ်ဆောင်

ကိုရီးယားမင်းသမီး ဟန်ဂျီဟေးသည် အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် ရုပ်သံဇာတ်လမ်းတွဲတစ်ခုတွင် ပါဝင်သရုပ်ဆောင်လျက်ရှိကြောင်း သူမ၏အေဂျင်စီက ထုတ်ဖော်ပြောကြားသည်။

ဟန်ဂျီဟေး၏ အေဂျင်စီWAYZ က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားရာ၌ မင်းသမီးဟန်ဂျီဟေးသည် အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ စက်တင်ဘာလတွင် ထုတ်လွှင့်ပြသမည့် Dangerous Gift အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲတွင် ကင်ဟာယွန်းအဖြစ် အဓိကဇာတ်ဆောင်နေရာမှ ပါဝင်သရုပ်ဆောင်ထားသည်ဟုဆိုသည်။

ယင်းဇာတ်လမ်းတွဲတွင် ဟန်ဂျီဟေးက မင်းသားကင်ဒေါင်းဝုခ်နှင့်တွဲဖက်၍ စာအသင်အပြအားနည်းပြီး မိသားစုကို အမြဲတမ်းတန်ဖိုးထား ချစ်မြတ်နိုးသော ဆရာမလေး ကင်ဟာယွန်းအဖြစ် သရုပ်ဆောင်ထားသည်။ "ဒီဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ရတာဟာ မင်းသမီးတစ်ယောက်အနေနဲ့ ပရိသတ်ကို ထူးခြားတဲ့ အသွင်သဏ္ဌာန်နဲ့ ပြသခွင့်ရတယ်လို့ပဲ ခံစားရပါတယ်"ဟု ဟန်ဂျီဟေးက ပြောကြားသည်။

ဟန်ဂျီဟေးသည် ၂၀၀၁ ခုနှစ်ကတည်းက ရုပ်သံဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် Summer Scent၊ ၂၀၀၄ ခုနှစ်တွင် Sweet 18၊ ၂၀၀၈ ခုနှစ်တွင် East of Eden ဇာတ်လမ်းတွဲများနှင့် ၂၀၀၅ ခုနှစ်တွင် My Boyfriend in Type B နှင့် ၂၀၁၀ ခုနှစ်တွင် Blades of Blood ရုပ်ရှင်ကားများတွင် ပါဝင်ခဲ့သူ ဖြစ်သည်။

အင်တာနက်။

ကိုရီးယားမင်းသမီး ဟန်ဂျီဟေး

☆ **ရှေ့ဖုံးမှ**

ယင်းနောက် ကျောက်မြောင်းဘက်ကမ်းချဉ်းကပ်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေနှင့် ချဉ်းကပ်လမ်း တံတား တည်ဆောက်နေမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ် ခွဲရုံး တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံကာ လုပ်ငန်းခွင်ကျွမ်းကျင်ရန် သင်တန်းများတက်ရောက်ရေး၊ မိမိတို့တာဝန်ယူဆောင်ရွက်ရသောလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးစသည်ဖြင့် မှာကြားခဲ့သည်။

ဧရာဝတီတံတား(ရတနာသိင်္ခ)သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် စဉ့်ကူးမြို့တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်နှင့် သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်ကာ စုစုပေါင်းတံတားအရှည်ပေ ၂၄၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက် သုံးပေစီပါရှိ၍ ရေလမ်းကင်းလွတ်အကျယ်ပေ ၃၂၀ နှင့်အမြင့် ၄၇ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

၎င်းတံတားကြီး တည်ဆောက်ပြီးစီးပါက ဧရာဝတီမြစ်အရှေ့ဘက်ကမ်း စဉ့်ကူးမြို့မှတစ်ဆင့် မန္တလေး-မတ္တရာ-ဗန်းမော်-မြစ်ကြီးနားလမ်းမှ ကချင်ပြည်နယ်သို့လည်းကောင်း၊ ဖော့တောလမ်းဆုံမှ မိုးကုတ်သို့ လည်းကောင်း၊ တွင်းငယ်လမ်းဆုံနှင့် မိုးမိတ်တို့မှ ရှမ်းပြည်နယ်သို့လည်းကောင်း၊ ငါးအိုလမ်းဆုံမှ မဘိန်းသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

ရာနှုန်းပြည့်ပြီးစီး

ထို့အတူ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ နွယ်ငြိမ်း-ကျောက်မြောင်း-ရွှေဘိုမှတစ်ဆင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းသို့လည်းကောင်း၊ ရွှေဘို-ခင်ဦး-ရေဦး-ကလေးဝလမ်းသို့လည်းကောင်း၊ ရွှေဘို-အရာတော်-မုံရွာ-ယာကြီး-ကလေးဝ-ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်သို့ လည်းကောင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ယခုအခါ Bored Pile လုပ်ငန်းများနှင့် Cap, Shaft, Cross Beam လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။ (သတင်းစဉ်)

❖ **ကျေးလက်နေမှ**

အင်တိုက်အားတိုက် ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ဆင်းရဲမှုအညွန်းကိန်းများကို လျှော့ချနိုင်ကြောင်း၊ ဆင်းရဲသူများကို အသိပညာပေးမှုများ ဆောင်ရွက်ပေးရန်လည်း လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကော့မှူးမြို့နယ် ရေဘေးသင့်အိမ်ထောင်စု ၆၂ စု အတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်ဖိုးထောက်ပံ့ငွေကျပ် ၁၂ သိန်းငါးသောင်းကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အသေးစား ပုဂ္ဂလိကငွေစုငွေချေး ငွေကျပ်သိန်း ၁၂၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံပေးအပ်ပြီး ကျေးရွာများမှ ရင်းနှီးစုဆောင်းငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးက အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌများထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံပြီး ကွမ်းခြံကုန်း ရေဘေးသင့်အိမ်ထောင်စု ၃၇ စု အတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်ဖိုး ထောက်ပံ့ငွေကျပ်ခုနစ်သိန်းငါးသောင်းကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကော့မှူးမြို့နယ် ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်များ တိုးချဲ့သင်ကြားပေးရေး၊ နှစ်သိမ့်ဆွေးနွေး အကြံပေးမှုများ ထိရောက်စွာ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် တွံတေးမြို့နယ် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာနသို့ သွားရောက်စစ်ဆေးပြီး မိမိကိုယ်မိမိ ယုံကြည်မှုရှိလာပြီး ပြင်ပတွင် ပတ်ဝန်းကျင်နှင့်ဝင်ဆံ့အောင် ဆောင်ရွက်ပေးရေးတို့ကို မှာကြားခဲ့သည်။(သတင်းစဉ်)

OMyanmar Online Shopping Mall ဖွင့်ပွဲအခမ်းအနား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် လှိုင်မြို့နယ် Myanmar Info Tech ၌ ကျင်းပသည့် i Biz ကုမ္ပဏီ၏ OMyanmar Online Shopping Mall ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးရဲရင့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာကွန်ပျူတာကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစန်းလွင်က Online Shopping Mall နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က OMyanmar Online Shopping Mall ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပုဂ္ဂလိကလုပ်ငန်းများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြပြီး i Biz Service Provider မှ Founder ဦးဝင်းထွန်းက OMyanmar Online Shopping Mall ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် မြန်မာနိုင်ငံ၏တိုးတက်ပြောင်းလဲလာသော E-Commerce နှင့်ရှေ့အလားအလာများကို ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

ဖွင့်လှစ်ပေး

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ OMyanmar Online Shopping Mall ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

ပုသိမ်ကောလိပ်/ ပုသိမ်ဒီဂရီကောလိပ်/ ပုသိမ်တက္ကသိုလ် သတ္တဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်တိုဘာ ၁၅ ရက် နှင့် ၁၆ ရက်တို့တွင် ပုသိမ်တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် နိုးဆော်ထားသည်။

အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဝင်များဖြစ်ကြသော ဆရာမဒေါ်နန့်ခင်အေးဦး ဖုန်း-၀၁-၂၂၄၉၈၉၊ ကိုဖေသွင်လှ ဖုန်း-၀၉-၈၅၆၈၃၉၆၊ ကိုခင်မောင်ညွန့် ဖုန်း-၀၉-၈၅၇၂၀၂၅၊ ကိုသန်းထွန်း ဖုန်း-၀၉-၄၉၇၂၁၇၇၇၊ ဒေါက်တာအောင်သန်း ဖုန်း-၀၉-၅၁၇၈၃၆၅၊ ဒေါက်တာသီတာအေး ဖုန်း-၀၄၂-၂၃၀၅၃၊ မခင်ချိုပြုံး ဖုန်း-၀၉-၅၀၁၇၂၇၉၊ မငြိမ်းအေး ဖုန်း-၀၉-၅၁၄၇၀၁၆၊ ကိုစိုးသိန်း ဖုန်း-၀၉-၈၅၇၂၈၉၇၊ ကိုနေလင်းအောင် ဖုန်း-၀၉-၅၂၀၁၀၇၇၊ ဒေါက်တာခင်ထွေးရီ ဖုန်း-၀၉-၅၂၀၀၁၈၁၊မနီလာ ဖုန်း-၀၉-၈၅၅၀၂၇၆၊ ကိုမျိုးသန့် ဖုန်း-၀၉-၄၉၇၂၁၈၁၁၊ စောစတီဗင် ဖုန်း-၀၉-၈၅၅၁၇၃၈၊ မခင်မာချို(ရန်ကုန်) ဖုန်း-၀၉-၄၃၀၂၄၈၈၃နှင့် မသန်းသန်းနွယ် ဖုန်း-၀၉-၅၀၇၇၉၄၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

မဟာဂီတ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) စိန်ခြယ်ခြူးသန်း (ပတ်ပျိုး)
- (ခ) ဘုန်းများများမင်း (ပတ်ပျိုး)
- (ဂ) ရွှေပန်းပန်အစချီ (လေးထွေသံကတ်နှင့် မြင်းခင်း)
- (ဃ) စိန်မြရံခြယ် (မွန်)
- (င) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (စ) လွမ်းဓလေ့ (ပတ်ပျိုး)
- (ဆ) ခွာပြာသင်း (ပတ်ပျိုး)
- (ဇ) သံသာညီးညင်း (သီချင်းခံ)
- (ဈ) သာချင်း(ရာမဇာတ်ဘွဲ့) (အမျိုးသား)
- (ည) အန်ချင်း (ပထမသင်္ဂါယနာတင်ဘွဲ့) (အမျိုးသမီး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ပန်းမြိုင်လယ် (ယိုးဒယား)
- (ခ) တောင်ယံတောကြီး (မွန်)
- (ဂ) ဗိန်းဘုံဘွေ (ပတ်ပျိုး)
- (ဃ) ရွှေယင်ပေါင်ငွေယင်ပေါင် (ပတ်ပျိုး)
- (င) ထောင်ရောင်နေကသာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) သောင်းကျေးဒီပါဝွေ (မွန်)
- (ခ) မြန်ချာမြေကို (ပတ်ပျိုး)
- (ဂ) မန်းတောင်လက်ယာ (ယိုးဒယား)
- (ဃ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၄။ အခြေခံပညာ(၁၅-၂၀)နှစ် (အမျိုးသား၊ အမျိုးသမီး)
- (က) ရွှေဘုန်းတော်နေနှုန်းလျော် (ဘွဲ့)
- (ခ) ဇေယျာအောင်သံကျူးတရင့်ရင့် (ပတ်ပျိုး)
- (ဂ) ရွှေတညာ (ယိုးဒယား)
- (ဃ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

၅။ အခြေခံပညာ(၁၀-၁၅)နှစ် (အမျိုးသား၊ အမျိုးသမီး)
- (က) ပန်းတသင်းသင်း (ပတ်ပျိုး)
- (ခ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
- (ဂ) မြိုင်တန်းမှောင်ဝေ (ကရင်သြ)
- (ဃ) နန်းသီဟိုဠ် (ယိုးဒယား)

၆။ အခြေခံပညာ(၅-၁၀)နှစ် (အမျိုးသား၊ အမျိုးသမီး)
- (က) မြရည်နန္ဒာ (ဘွဲ့)
- (ခ) ဝေဇယန်နှင့် နှုန်းငြား (ကြိုး)
- (ဂ) စံရာဘုံမြင့် (ကြိုး)
- (ဃ) ဝေဇယန္တာ (ယိုးဒယား)

(ဆက်လက်ဖော်ပြပါမည်)

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် တောင်တွင်းကြီးမြို့နယ်နှင့် ရေနံချောင်းမြို့နယ်များ၌ ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲတက်ရောက်

နေပြည်တော် ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့နယ် အင်းရွာကြီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးလှထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်များကို ကျောင်းဆောင်သစ်အတွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် Mother Construction ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ရေးတာဝန်ခံ ဦးရန်အောင်စိုးက တန်ဖိုးငွေကျပ် ၁၀ သိန်းရှိ ရေလောင်းအိမ်သာနှင့် သင်ပုန်းငါးချပ်ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အင်းရွာကြီးကျေးရွာ အမှတ်(၁၃၆) အခြေခံပညာမူလတန်းကျောင်းမှ ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် တောင်တွင်းကြီးမြို့နယ် ကန်တော်ကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ သဖန်းကုန်း ကျေးရွာ၌ အရှက်ဦးစိုက်ပျိုးရေး ကုမ္ပဏီမှ မနောသုခမျိုး မိုးစပါးစံပြ ၁၀ ဧက တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးပြီးစီးမှု၊ မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာ၌ နတ်မောက်ရေလှောင်တမံ လက်ဝဲမြောင်းမကြီးမှ စိုက်ပျိုးရေဖြင့် မနောသုခမျိုး မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးရန် မြေယာပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေနံချောင်းမြို့နယ် အမှတ်(၁၀၉) ဇေတဝန် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်သောင်းမြင့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် အခမ်းအနားအစီအစဉ်ကို ကျောင်းဆောင်သစ်အတွင်း ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် Mother Construction ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ရေး တာဝန်ခံက နှစ်ခန်းတွဲ ယင်လုံအိမ်သာနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ အင်းရွာကြီး အခြေခံပညာမူလတန်းကျောင်း (တောင်တွင်းကြီး)နှင့် ဇေတဝန် အခြေခံပညာမူလတန်းကျောင်း(ရေနံချောင်း) ကျောင်းဆောင်သစ်များမှာ အလျားပေ ၁၂၀ နှင့်အနံ ၂၄ ပေစီရှိ စာသင်ခန်း ခြောက်ခန်းစီပါရှိပြီး သံဆန်ခါကာ၊ ကွန်ကရစ်ခင်း သွပ်မိုး အဆောက်အအုံများဖြစ်ကာ ပညာရေးဝန်ကြီးဌာနနှင့် အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ကျောင်းဆောင်တစ်ဆောင်လျှင် ငွေကျပ်သိန်း ၃၀၀ ခန့် အကုန်ကျခံကာ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် တောင်ငူခရိုင် တောင်ငူမြို့နယ် ငါးဖယ်အင်း ကျေးရွာအုပ်စု ကြာအင်းကျေးရွာရှိ ပဲခွဲစက်၌ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ပဲခွဲစက်လုပ်ငန်းဆောင်ရွက်နေသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပဲခူးနှင့်တောင်ငူခရိုင် အတွင်းရှိ ရေဘေးဒုက္ခသည်များအတွက် လိုအပ်သော စားနပ်ရိက္ခာများ ပံ့ပိုးပေးရန် စီစဉ်ထားရှိမှုများကို ပြောကြားသည်။

ဆက်လက်၍ တောင်ငူမြို့နယ် ကန်ရိုးကျေးရွာ၌ မုန့်ဟင်းခါးခြောက်လုပ်ငန်းကိုလည်းကောင်း၊ ဖြူးမြို့နယ် လင်းယောခင်ကျေးရွာအုပ်စု လင်းယောခင်ကျေးရွာ၌ ဝါးခြင်း တောင်းရက်လုပ်မှုလုပ်ငန်းကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဖြူးမြို့နယ် လင်းယောခင် ကျေးရွာ၌ ဝါးခြင်းတောင်းရက်လုပ်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ်၌ အထူးမွမ်းမံသင်တန်း တက်ရောက်ကြမည့် ဆရာ၊ ဆရာမများအား အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၄

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၆)သို့ တက်ရောက်မည့် ဆရာ၊ ဆရာမများအား ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်း ခန်းမ၌ တွေ့ဆုံ၍ မွမ်းမံသင်တန်း တက်ရောက်နေစဉ်အတွင်း စည်းကမ်း ကောင်းမွန်သည့် အလေ့အကျင့်ကောင်း များရရှိအောင် ကြိုးစားခဲ့ကြရန်၊ သင်တန်းအောင်မြင်ပြီးဆုံးပါက မိမိတို့၏ လုပ်ငန်းတာဝန်များကို စေတနာ အပြည့်ဖြင့် ကျေပွန်အောင် ဆောင်ရွက်ကြရုံမက နိုင်ငံတော်၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် ပါဝင်ကြရန် စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဩဂုတ် ၁၂ ရက်နံနက် ၈ နာရီတွင် မုဒုံမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁၉)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၆)နှင့် အိမ်တွင်းမှု လက်မှုလုပ်ငန်း ကြိမ်သင်တန်းအမှတ်စဉ် (၁၃) သင်တန်းဆင်းပွဲ အခမ်းအနားများသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းကျောင်းအတွက် ပန်းထိုးစက်တစ်စုံကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမော်ထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ သင်တန်းထူးချွန်ဆုရရှိသူများအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် သင်တန်းသူများ ကိုယ်တိုင်ချုပ်လုပ်ထားသည့် အဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်ရေးဆိုင်ရာ ပညာပေး ဟောပြောပွဲကို ဩဂုတ် ၃ ရက်က ပြည်တက္ကသိုလ် သီတာ ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပရာ ဒုတိယရဲမှူး မြတ်ဦး ဟောပြောစဉ်။ (၁၃၇)

❍ ကျောဖုံးမှ

မေး။ *သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်နဲ့ပတ်သက်ပြီး ဆက်ပါဦး ခင်ဗျာ။*

ဖြေ။ နံပါတ်(၅)က ပျိုးခင်းကို ချက်ချင်းနုတ် ချက်ချင်းစိုက်ပေးရပါမယ်။ ဒီလိုစိုက်ပျိုးတဲ့ နည်းစနစ်ဟာ လက်ရှိ အသုံးပြုနေသော မိရိုးဖလာ ပျိုးနုတ်စိုက်ပျိုးတဲ့အခါ ပျိုးချေးကို ခြေထောက်နဲ့ ရိုက်၊ ပျိုးကို ကြိုးဖြင့် စည်းပြီး သယ်ယူလေ့ရှိတာကြောင့် ပျိုးပင်ရဲ့ ပင်စည်တွေ ဒဏ်ရာရပြီး ကောက်ပင်လှန်ချိန် ပိုမိုအချိန်ယူရမှာဖြစ်ပါတယ်။ သိပ္ပံနည်းကျ စိုက်နည်းစနစ်မှာ ပျိုးပင်ကို ညင်သာစွာ နုတ်ယူပြီး ပျိုးချေးခါစရာမလိုတဲ့ အတွက် ပျိုးပင်တွေဟာ စိုက်ပြီးတာနဲ့ ဆက်လက် စိမ်းလန်းပြီး ကောက်ပင် လှန်ချိန်မရှိတော့တဲ့အတွက် ပင်ပွား ပိုမိုထွက်ရှိနိုင်မှာ ဖြစ်ပါတယ်။

နံပါတ်(၆) က ပျိုးပင်ကို စိုက်ပျိုးရာမှာ တစ်လက်မခွဲအနက် (လက်တစ်ဆစ်) ထက် လုံးဝမပိုအောင် စိုက်ပျိုးရပါမယ်။ စိုက်ခင်းကို မစိုက်မီ တစ်ရက်ကြို၍ ရေပြောင်အောင်ထုတ်ပြီး တမန်းကောင်းစွာ သိပ်ပြီးမှ စိုက်ပျိုးရမှာ ဖြစ်ပါတယ်။ ဒါမှ ကောက်စိုက်သမက လက်ဆ အတိမ်အနက်ကို ခန့်မှန်းနိုင်မှာဖြစ်ပါတယ်။ ပျိုးပင်ကို တစ်လက်မခွဲထက်ပို စိုက်ပါက ပျိုးပင်ရဲ့ မူလအမြစ်နေရာကို အောက်ဆီဂျင်ကောင်းမွန်စွာ မရရှိနိုင်တဲ့အတွက် နောက်ထပ်အဆစ်တစ်ဆစ် ထပ်ထွက်ရလို့ ပင်ပွားထွက်ရှိမှုကို နောက်ကျစေပါတယ်။ ပျိုးပင်ကို တစ်လက်မခွဲအနက် စိုက်ခြင်းအားဖြင့် ကောက်ပင်လှန်ချိန် မလိုတဲ့အတွက် ပင်ပွားထွက်ချိန်စောပြီး ကျန်းမာသန်စွမ်းသော ပင်ပွားများများ ရရှိပါတယ်။

နံပါတ် (၇)က လက်ဆကို ကောက်မြုံတစ်မြုံမှ နှစ်မြုံစိုက်ရပါမယ်။ ကောက်ကွက်တစ်ကွက်မှာ မျိုးစေ့တစ်စေ့ကနေ ထွက်ရှိလာတဲ့ ပင်ပွားလေးပင်၊ ငါးပင်ပါ ပျိုးပင်ဆိုရင် တစ်မြုံ၊ ပင်ပွားနှစ်ပင်၊ သုံးပင်ပါပျိုးပင်ဆိုရင် နှစ်မြုံစိုက်ရပါမယ်။ မိရိုးဖလာနည်းဖြင့် ကြဲပက်စိုက်ပျိုးတဲ့ ပျိုးခင်းတွေမှရတဲ့ ပျိုးပင်တွေဟာ ပင်ပွားမရလို့ ကောက်ကွက်တစ်ကွက်မှာ ပျိုးပင်ငါးပင်မှ ခုနစ်ပင်ထိ စိုက်ပျိုးနေရပါတယ်။ လက်ဆများတဲ့အတွက် စပါးပင်တွေဟာ ရေနဲ့ အာဟာရဓာတ်ကို အချင်းချင်း ယှဉ်ပြိုင်လုယူနေရလို့ ပင်ပွားမသန်စွမ်းဘဲ ပိုးရောဂါတွေ ကျရောက်နိုင်တဲ့အတွက် လက်ဆကို ထိန်းသိမ်းသင့်ပါတယ်။

နံပါတ် (၈)က ပင်ပွားရရှိစေရန် ရေသွင်းရေခန်းစနစ် ကျင့်သုံးရပါမယ်။ သိပ္ပံနည်းကျစိုက်နည်းစနစ်မှာ ရေသွင်းရေခန်းစနစ်ဟာလည်း အဓိကကျပါတယ်။ ဒီစနစ်ဟာ ပင်ပွားများများ ထွက်ရှိရေးကို အဓိကအားပေးတဲ့ အချက်တစ်ခုဖြစ်ပါတယ်။ ပျိုးပင်ရွှေ့ပြောင်းစိုက်ပျိုးပြီးတာနဲ့ ဆက်တိုက် ပင်ပွားထွက်ရှိဖို့ အတွက် စိုက်ပြီးနောက်ရက်မှာ ရေကို မပြတ် ပါးပါးသွင်းပေးရမှာ ဖြစ်ပါတယ်။ သုံးရက်မှာ တစ်ကြိမ်ထွက်ရှိလာမယ့် ပင်ပွားများ ရှင်သန်စေဖို့အတွက် ရေနှစ်လက်မ သွင်းပေးပြီး ကန်သင်းလုံအောင် ပိတ်ထားရပါမယ်။ သွင်းထားတဲ့ရေခန်းသွားမှ တစ်ဖန် ရေအသစ်ပြန်လည်သွင်းပေးတဲ့ စနစ်ဖြစ်လို့ အမြစ်များ နေရောင်ခြည်ရရှိပြီး ပိုမိုကျန်းမာသန်စွမ်းစေပါတယ်။ ဒါကြောင့် အာဟာရဓာတ် ပိုမိုစုပ်ယူနိုင်ပြီး စပါးပင်အရပ်ရှည်ထွက်မှုမြန်စေကာ အစေ့အဆန် အောင်မြင်မှုကို များပြားစေပါတယ်။ တောင်သူတွေရဲ့ မိရိုးဖလာနည်းကတော့ ရေကို မပြတ် သွင်းထားလို့ အမြစ်တွေဟာ အောက်ဆီဂျင်နဲ့ နေရောင်ခြည်ကို လုံလောက်စွာ မရရှိလို့ မသန်စွမ်းတဲ့ အတွက် အမြစ်မှ စပါးပင်အပေါ်ပိုင်းသို့ ကစီဓာတ် ပို့ဆောင်မှုနည်းပါးပြီး အပင်ကြီးထွားမှု ထိခိုက်စေပါတယ်။ ဒါ့အပြင် ၎င်းစနစ်ဟာ ရေကိုချွေတာရာ ရောက်တဲ့အတွက် ပြောင်းလဲလိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ်။

နံပါတ်(၉)က ကောက်ကွက် ၁ ဒသမ ၂ သိန်းမှ ၁ ဒသမ ၅ သိန်းဝင်အောင် စိုက်ရပါမယ်။ စပါးတစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက် ကောက်ကွက်ပြည့်မီရေးကလည်း အဓိကကျပါတယ်။ တစ်ဧကမှာ ကောက်ကွက် ၁ ဒသမ ၂ သိန်းမှ ၁ ဒသမ ၅ သိန်းအထိ ဝင်ဆံ့စေရန်အတွက် တန်းကြား၊ ပင်ကြား ၈× ၈ လက်မနဲ့ ၈ × ၆ လက်မစနစ်ဖြင့် စိုက်ပျိုးပြီး ၁၀ တန်း တစ်တန်းလှပ်စိုက်ပျိုးရမှာဖြစ်ပါတယ်။ ၁၀ တန်း တစ်တန်းလှပ် စိုက်ပျိုးခြင်းအားဖြင့် အပင်တွေဟာ နေရောင်ခြည်၊ လေ၊ အာဟာရဓာတ်တွေကို စပါးပင်က ညီညီမျှမျှစားသုံးနိုင်ပြီး ပေါင်းလိုက်ခြင်း၊ အပင်ပြုစုထိန်းသိမ်းခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ရလွယ်ကူတာကြောင့် သိပ္ပံနည်းကျစိုက်နည်းစနစ်ကို မဖြစ်မနေပြောင်းလဲကျင့်သုံးဖို့ လိုအပ်ပါတယ်။ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော စိုက်ခင်းအတွင်းရှိ ပျိုးပင်များ၏ ပင်ကြား၊ တန်းကြားအတွင်းသို့ တမန်းနှိုးကိရိယာများ၊ လူများဖြင့် တမန်းနှိုးခြင်း မပြုလုပ်ရပါ။ ထိုသို့ပြုလုပ်ပါက အသစ်ထွက်ရှိလာသည့် သားတက်များအား သေစေနိုင်မှာဖြစ်တဲ့အတွက် တမန်းနှိုးခြင်း မပြုလုပ်မိဖို့ အင်မတန်မှ အရေးကြီးပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

လက်ဆကို ကောက်မြုံတစ်မြုံမှ နှစ်မြုံ စိုက်ပျိုးပေးစဉ်။

ပင်ပွားရရှိစေရန် ရေသွင်းရေခန်း စနစ်သုံး စိုက်ပျိုးထားစဉ်။

ပျိုးပင်အတိမ်အနက် တစ်လက်မခွဲထက် မပိုရန် အထူးသတိပြု စိုက်ပျိုးရမည်။

နည်းပရိယာယ် သီအိုရီ ပိုင်နိုင်ကျွမ်းကျင်သော အားကစားနည်းပြဆရာကောင်းများ လိုအပ် အားကစားသမားများက စည်းကမ်းသည် ပထမ၊ စံချိန်သည် ဒုတိယ ဆောင်ပုဒ်နှင့် အညီ ကြိုးစားလေ့ကျင့်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ တင်းနစ်ကွင်းရှိ တင်းနစ်အဖွဲ့ချုပ် ရုံးခန်းနှင့် အားကစားသမားများအား ချက်ပြုတ်ကျွေးမွေးမှု၊ တင်းနစ် အားကစားပစ္စည်းများ ခင်းကျင်းပြသထားမှု၊ အမျိုးသမီး၊ အမျိုးသား အိပ်ဆောင်များနှင့် အမျိုးသမီး အိပ်ဆောင် တိုးချဲ့တည်ဆောက်မည့် မြေနေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ နည်းပြချုပ်နှင့် နည်းပြအဖွဲ့ဝင်များအား တွေ့ဆုံကာ တင်းနစ်အားကစားဖွံ့ဖြိုးတိုးတက် အောင်မြင်မှုရရှိအောင် နည်းလမ်း(၃)သွယ်ဖြင့် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အားကစားသမား သွေးသစ်များများ ရရှိရေးအတွက် အားကစားနှင့် ကာယပညာသိပ္ပံ သင်တန်းကျောင်းများနှင့် ပူးပေါင်းရှာဖွေရန် လိုအပ်ကြောင်း၊ အားကစားနည်းပရိယာယ် သီအိုရီ ပိုင်နိုင်ကျွမ်းကျင်သော နည်းပြဆရာကောင်းများ ရရှိရန်လိုအပ်ကြောင်း၊ အားကစားသမားများအနေဖြင့် စည်းကမ်းသည် ပထမ၊ စံချိန်သည် ဒုတိယဆိုသည့် ဆောင်ပုဒ်နှင့် အညီ ကြိုးစားလေ့ကျင့်ရမည်ဖြစ်ကြောင်း၊ လာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် အိမ်ရှင်နိုင်ငံအနေဖြင့် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် အဖွဲ့ချုပ်များ အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပဏာမလက်ရွေးစင် အမျိုးသား/အမျိုးသမီး တင်းနစ် အားကစားသမားများ၏ စွမ်းရည်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးပြီး ပဏာမ မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် မျိုးဆက်သစ် အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောင်ဆန်းအားကစားပြိုင်ဝင်းသို့ ရောက်ရှိကာ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များဖြစ်ကြသော စစ်တုရင်အဖွဲ့ချုပ်၊ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊ ပြေးခုန်ပစ်အဖွဲ့ချုပ်၊ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ ဆေးဘက်ဆိုင်ရာဌာနစိတ်(ဆေးခန်း)၊ ကရာတေးဒိုအဖွဲ့ချုပ်၊ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ ဘော်လီဘောအဖွဲ့ချုပ်နှင့် အလေးမအဖွဲ့ချုပ်တို့၏ အားကစားလေ့ကျင့်ရေး စခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ ရောက်ရှိကာ အမျိုးသား/အမျိုးသမီး ဖူဆယ်ဘောလုံး စွမ်းရည်ပြသကစားခြင်းကို ကြည့်ရှုအားပေး၍ ပတ္တမြားအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီးတွင် အားကစားဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသော အရာထမ်းများအား တွေ့ဆုံသည်။

ထို့နောက် တာမွေမြို့နယ် ကျိုက်ကဆံ အားကစားကွင်းအတွင်းရှိ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး စခန်းဝင်လေ့ကျင့်နေသည့် အားကစားသမားများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ တင်းနစ်ကွင်း၌ ပဏာမလက်ရွေးစင် တင်းနစ်အားကစားသမားများ စွမ်းရည်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရောဝတီ ရှုံးပွဲမရှိ စံချိန်ဆက်ထိန်း

ရန်ကုန် ဩဂုတ် ၁၄

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၄)ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ဆက်လက်ကျင်းပရာ ရောဝတီယူနိုက်တက်အသင်းက Southern Myanmar အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ရောဝတီယူနိုက်တက် တစ်ဂိုး
(ဂျူပီတာ)
Southern Myanmar ဂိုးမရှိ

ယခုနှစ် MNL ပြိုင်ပွဲတွင် ရှုံးပွဲမရှိသေးသည့် ရောဝတီယူနိုက်တက် အသင်းမှာ ယခုပွဲတွင်လည်း ရှုံးပွဲမရှိ စံချိန်ကို ဆက်လက် ထိန်းသိမ်းနိုင်ခဲ့သည်။ ဒဏ်ရာရနေသည့် မင်းမင်းသူမှလွဲ၍ ရောဝတီအသင်းမှာ လူစုံပါဝင်ခဲ့ပြီး ၂၂ မိနစ်တွင် သွင်းယူခဲ့သော ဂျူပီတာ၏ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ Southern Myanmar အသင်းမှာ ယနေ့ပွဲတွင် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ၄၂ မိနစ်တွင် ရရှိသော ပယ်နယ်တီကို ဆာဆာဝင်အောင်မသွင်းနိုင်သလို မိနစ် ၄၀ ကျော် တစ်ယောက်အသာဖြင့် ကစားရသော်လည်း ချေပဂိုး မသွင်းနိုင်၍ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ယနေ့ပွဲ
သုဝဏ္ဏကွင်း

မကွေးF.C - နေပြည်တော်F.C

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

Southern Myanmar တိုက်စစ်မှူး ဘီဂျိမ်းထွေး ရောဝတီ နောက်ခံလူ နှစ်ဦးကြားမှ ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။

အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ် အမျိုးသား စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတက္ကသိုလ်အားကစားရုံ၌ ကျင်းပရာ နှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် ရတနာပုံတက္ကသိုလ်အသင်းက တောင်ကြီးတက္ကသိုလ်အသင်းကို သုံးပွဲ - တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် အသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရ အသင်းများမှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ငွေသားဆုများနှင့် ပထမဆုရ ရတနာပုံ တက္ကသိုလ်အသင်းမှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ငွေသားဆုများနှင့် တံခွန်စိုက် ဆုဖလားကြီးကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်က ချီးမြှင့်သည်။

ယင်းနောက် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)အမျိုးသား စားပွဲတင်တင်းနစ် လက်ရွေးစင်အားကစားသမားများအဖြစ် ရွေးချယ်ခြင်းခံကြရသော မောင်ကျော်ထက်လူ (ရတနာပုံ)၊ မောင်စိုင်းထိန်လင်းအောင် (ရတနာပုံ)၊ မောင်ထူးဇော်ပိုင် (ရတနာပုံ)၊ မောင်ထိန်လင်းနောင်(တောင်ကြီး)နှင့် မောင်အာကာကျော် (မန္တလေးနိုင်ငံခြားဘာသာ)တို့၏ အမည်စာရင်းကို ကြေညာသည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (အလေးမပြိုင်ပွဲ)အတွက် လူရွေးချယ်ရေးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (အလေးမပြိုင်ပွဲ)အတွက် လူရွေးချယ်ရေးပြိုင်ပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း အလေးမအားကစားလေ့ကျင့်ရေးရုံ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် သတ်မှတ်ထားသော စံချိန်ပြည့်မီအောင် " မ " နိုင်ရမည်ဖြစ်ပြီး ဩဂုတ် ၂၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဖုန်း - ၃၈၈၁၆၀ သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။ (သတင်းစဉ်)

တီဗက်ဇ်နှင့် နာဆရီကို အလဲအထပ်ပြုလုပ်နိုင်ကြောင်း အာစင်ဝင်းဂါး ထုတ်ဖော်ပြောကြား



လန်ဒန် ဩဂုတ် ၁၄

အာဆင်နယ်အသင်း နည်းပြ အာစင်ဝင်းဂါးက မန်စီးတီးအသင်းအနေဖြင့် နာဆရီကို အလိုရှိက တီဗက်ဇ်နှင့် အလဲအထပ်ပြုလုပ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

မန်စီးတီးအနေဖြင့် နာဆရီကို ခေါ်ယူရေးကြိုးပမ်းမှုမှာ အောင်မြင်ရန် အလွန်နီးစပ်နေသည့် အနေအထားသို့ ရောက်ရှိလာချိန်တွင် အာစင်ဝင်းဂါးက ယခုကဲ့သို့ ပြောကြားလာခြင်းဖြစ်သည်။ သို့သော် မိမိကစားသမား နာဆရီ၏ တန်ကြေးမှာ ပေါင် ၂၅ သန်းဝန်းကျင်နှင့် တစ်ပတ်လုပ်ခ ပေါင် တစ်သိန်း ရှစ်သောင်းခန့်သာ ရှိမည်ဖြစ်သော်လည်း မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်၏ တန်ကြေးမှာ ပေါင် သန်း ၅၀ ဝန်းကျင်နှင့် တစ်ပတ်လုပ်ခ ပေါင် နှစ်သိန်းခန့် ရှိနေသည်။

အာစင်ဝင်းဂါးက ပေါင် ၁၀ သန်း အလိုက်ပေး၍ နာဆရီကို တီဗက်ဇ်နှင့် အလဲအထပ် ပြုလုပ်လိုသော်လည်း မန်စီးတီးက ၎င်းတို့၏ ကစားသမားကို ထိုမျှအထိ ဈေးလျှော့ပေးဖွယ်မရှိပေ။ ထို့ကြောင့် နာဆရီ၏ အပြောင်းအရွှေ့ကိစ္စနှင့်ပတ်သက်၍ အာဆင်နယ်နှင့် မန်စီးတီးတို့အကြား လိပ်ခဲတည်းလည်း ဖြစ်နေဦးမည်သာ။ ***The Sun***

ဖလားလေးလုံး တစ်ပြိုင်တည်းရလျှင် ဗီလာဘိုစ် အနားယူတော့မည်

လန်ဒန် ဩဂုတ် ၁၄

ချယ်လ်ဆီးနည်းပြသစ် အင်ဒရီဗီလာဘိုစ်က မိမိအနေဖြင့် အသက်(၃၄)နှစ်ပြည့်သည့်အချိန်တွင် ချန်ပီယံဆုဖလားလေးလုံး တစ်ပြိုင်တည်းဆွတ်ခူးရရှိပါက ဘောလုံးလောကမှ အနားယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၃၃)နှစ်ရှိ ဗီလာဘိုစ်သည် ယခုနှစ် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီပိတ်သိမ်းချိန်တွင် အသက်(၃၄)နှစ်ပြည့်မည်ဖြစ်သည်။ ၎င်းသည် အသင်းသစ် ချယ်လ်ဆီးနှင့်အတူ ပွဲဦးထွက်ရာသီတွင်ပင် ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် ကားလင်းဖလားတို့ကို တစ်ပြိုင်တည်းရယူလိုသည်။ သို့သော် ရာသီသစ်အတွက် ပြင်ဆင်မှု အားနည်းနေသည့် ချယ်လ်ဆီးအတွက် ဖလားလေးလုံးတစ်ပြိုင်တည်း ဆွတ်ခူးနိုင်ရန်မှာ အလွန်ပင် ခက်ခဲလိမ့်မည်ဖြစ်သည်။

ဗီလာဘိုစ်သည် ယမန်နှစ်က ပေါ်တိုအသင်းနှင့်အတူ ဆုဖလားအားလုံး ရယူနိုင်ခဲ့ခြင်းအပေါ် မီဒီယာများက မေးမြန်းခဲ့ရာတွင် ၎င်းက "ကျွန်တော် အဲဒီအကြောင်းကို စဉ်းစားခဲ့ဖူးပါတယ်" ဟု ပြန်ပြောခဲ့သည်။

The Sun

ချယ်လ်ဆီးနည်းပြ အင်ဒရီဗီလာဘိုစ်။

<< ဟန်သစ် <<

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၁၄-၈-၂၀၁၁)

ရန်ကုန်(ကမ္ဘာအေး)	၃ ဒသမ ၃၅	လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၂ ဒသမ ၄၀	လက်မ
မအူပင်	၁ ဒသမ ၉၃	လက်မ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နေပြည်တော် အထူးအထွက်တိုးစံပြစိုက်ခင်း လယ်ယာခွင်မှသည် ပြည်မြန်မာ၏ လယ်ယာတစ်ခွင်ဆီသို့ အပိုင်း(၂)

သတင်းဆောင်းပါး - မောင်မောင်ထွေး (သတင်းစဉ်) ➤ ဓာတ်ပုံ - ဇော်မင်းလတ် (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းလယ်ယာခွင်သို့ သွားရောက်လေ့လာကြည့်ရှုမိသည့်အခိုက်တွင် သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ပျိုးထောင်ထားသော အထူးအထွက်တိုး မျိုးသုတေသနစိုက်ခင်းအတွင်း အနှံပြည့်ဝနေသော အထူးအထွက်တိုး စပါးခင်းကြီး၊ စပါးခင်းကြီး၏ အနားသတ်နောက်ခံက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စသည့် ရှုမငြီးမြင်ကွင်းနှင့် ကွင်းယံဆီက ညင်သာစွာ တိုက်ခတ်လာသည့် လေနုအေးအထိအတွေ့တို့ကြောင့် နှလုံးစိတ်ဝမ်းချမ်းမြေ့ရပါ၏။

မြရောင်လွှမ်းသော မြစိမ်းရောင်လွင်ပြင်စပါးခင်းကြီးကို ပီတိသောမနဖြင့် နတ်ကရာကျီးမောဝေးမောကြည့်ရင်း သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်နှင့် စပ်လျဉ်းသည့် စကားဝိုင်းကို ဆက်မိကြပြန်ပါသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်နှင့် အညီ ပျိုးပင်များ ချက်ချင်း ပြန်လည် စိုက်ပျိုးရန် အတွက် ပျိုးပင်များကို ညင်သာစွာ နုတ်ယူစဉ်။

အင်တာနက် လေကြောင်းသိပ္ပံ သတင်း ဘာသာပြန်-စိစ်

ဂျာမနီနိုင်ငံ ဘွန်းမြို့ရှိ လေဆိပ်မှ ပျံတက်ရန်ပြင်ဆင်နေသော ဘိုးအင်း ၇၈၇ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လေယာဉ်ပြေးလမ်းပေါ် သတ္တုအကျိုးအပဲ့ ရှိ၊ မရှိ လေယာဉ်မှူးများ သိရှိနိုင်ရန် နည်းပညာဖော်ထုတ်

ဘွန်း ဩဂုတ် ၁၄

လေယာဉ်ပြေးလမ်းပေါ်၌ သတ္တုအကျိုးအပဲ့အပိုင်းအစများ ရှိ၊ မရှိ လေယာဉ်မှူးများအနေဖြင့် စုံစမ်းဖော်ထုတ်သိရှိနိုင်မည့် နည်းပညာတစ်ရပ်ကို ဂျာမနီနိုင်ငံမှ သိပ္ပံပညာရှင်များက တီထွင်ဖော်ထုတ်ထားပြီဖြစ်ကြောင်း သုတေသီတစ်ဦးက ဩဂုတ် ၈ ရက်တွင် ပြောကြားသည်။

လေယာဉ်ပြေးလမ်းပေါ်၌ သတ္တုအကျိုးအပဲ့ အပိုင်းအစများ ရှိနေခြင်းဖြင့် လေယာဉ်မတော်တဆမှုများကို ဖြစ်ပေါ်စေနိုင်သည်။

လေယာဉ်တစ်စင်းမှ သတ္တုပစ္စည်းအပိုင်းအစများသည် လေယာဉ်ပြေးလမ်းပေါ် ပြုတ်ကျကျန်ရစ်ခဲ့ခြင်းဖြင့် ယင်းလေယာဉ်ပြေးလမ်းပေါ်မှ ပျံတက်မည့် သို့မဟုတ် ဆင်းသက်မည့် နောက်လေယာဉ်တစ်စင်းကို ဘေးအန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ လေယာဉ်ပြေးလမ်းပေါ် အကျိုးအပဲ့အပိုင်းအစများ ရှိ၊ မရှိ လေယာဉ်မှူးများ သိရှိနိုင်မည့် အာရုံခံစနစ်တစ်ရပ်ကို စာမျက်နှာ ၅ ကော်လံ ၅ သို့ ✳